ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်

- အမျိုးသားပြည်နယ်များကို အခြေခံသည့် တန်းတူမှုရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်၊
- ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရန်၊
- ဒီမိုကရေစီစနစ် ထူထောင်ရန်။

# ပါတီရေးရာစာစောင်



အတွဲ၊ ၁ အမှတ် ၃။ ဇူလိုင်လ၊ ၂၀၁၂–ခုနှစ်

## ပါတီအာဘော်

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ထာဝရတည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်မည်ဆိုလျှင်ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် ထာဝရတည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်ရေး၊ပင်လုံကဲ့သို့သော ညီလာခံကျင်းပရေးကမ်းလှမ်းချက်ဖြင့်အပစ်အခတ် ရပ်စဲခြင်းများ ပြုလုပ်လျက်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရင်းခံပြဿနာသည် နိုင်ငံရေးပြဿနာ (တန်းတူညီမျှရေးပြဿနာ)ဖြစ်သဖြင့် နိုင်ငံရေးဆွေးနွေးမည့်လုပ်ငန်းစဉ်အား အဓိကထားလုပ်ဆောင်ရန် လိုလား လျက်ရှိကြသည်။ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပင်လုံကဲ့သို့သောညီလာခံ ကျင်းပ၍ အမျိုးသားသဘော တူညီချက်တရပ် ချမှတ်ကာ ၂၀၀၈–ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ကိုပြင်ဆင်ရေးဆွဲပြီးထာဝရတည်တံ့သည့်ငြိမ်းချမ်းရေး ကိုတည်ဆောက်ရန် စိုင်းပြင်း လျက်ရှိနေပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ ငြိမ်းချမ်းမှုတည်ဆောက်ရေးလမ်းစဉ်သည် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့ အစည်းများအား ပါတီ ထောင်၍ ရွေးကောက်ပွဲဝင်ရန်၊ အခြေခံဥပဒေအားလက်ခံ၍ ပြင်ဆင်လိုသည့်အချက်များအား လွှတ်တော်အတွင်းပြင်ဆင်ရန် ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများပြုလုပ်ရာတွင် လွှတ်တော်ပြင်ပ၌ နိုင်ငံရေးဆွေးနွေးပွဲမှရရှိထားသည့် သဘောတူညီချက်အား လွှတ်တော်သို့တင်သွင်း၍ ပြုပြင်မှုများပြုလုပ်ရေးဆီသို့ ဦးတည်နေသည်။ သို့သော်လွှတ်တော်အတွင်း စစ်တပ်မှ သော်လည်းကောင်း၊ စစ်မှုထမ်းဟောင်းများ အများစုပါဝင်ပြီး စစ်တပ်ကိုကျောထောက်နောက်ခံပြုထားသည့် (USDP) ပြည်ခိုင်ဖြိုးပါတီကအများစုလွှမ်းမိုးနေသည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသည် လွယ်ကူစွာပြုလုပ်နိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ၂၀၁၅–ခုနှစ် မတိုင်မီ မြန်မာအစိုးရမှ ငြိမ်းချမ်းရေးဖော် ဆောင်နိုင်ရေးသည် အခွင့်အလမ်း လွန်စွာနည်းပါးလျက်ရှိသည်။ ထိုသို့ဆိုလျှင် မြန်မာအစိုးရအနေဖြင့် အဘယ့်ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲခြင်းများပြုလုပ်နေသနည်း။ မည်သို့သောအကြံ အစည်များ ရှိနေသနည်း။ အဖြေရှာရန် လိုအပ်ပေသည်။

မြန်မာအစိုးရအနေဖြင့် ပြည်သူလူထု၊ မြန်မာအပါအဝင်တိုင်းရင်းသားလူမျိုးစုများ၊ ၁၉၉၀–ခုနှစ် ရွေးကောက်ပွဲအနိုင်ရပါတီများ၏ ဆန္ဒသဘောထား များကိုလစ်လျူရှု၍ ဥပဒေအမျိုးမျိုးဖြင့် အကာအကွယ်ပေးကာအမျိုးသားညီလာခံကို နှစ်ပေါင်း (၁၅)နှစ်ကျော်ကြာ ကျင်းပ၍ စစ်တပ်ကိုတရားဝင်အာဏာပေးထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုရေးဆွဲခဲ့သည်။ညီလာခံကျင်းပစဉ်ကာလများ အတွင်း အပစ်အခတ်ရပ်စဲရေးများပြုလုပ်သည့်တိုင်းရင်းသားလက်နက်ကိုင်အင်အားစု (၁၇)ဖွဲ့ကို အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ် တွင်ပါဝင်စေခဲ့သည်။ သို့သော် ၎င်းတို့၏ တင်ပြဆွေးနွေးချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေ တွင်တပိုဒ်တလေတွင်မျှ ထည့်သွင်းဖော်ပြ ပေးခဲ့ခြင်း မရှိပေ။ထို့ကြောင့် အမျိုးသားညီလာခံတွင်(၁၅) နှစ်လုံးလုံး တက်ရောက်ခဲ့သည့် ကချင်ပြည်လွတ်မြောက်ရေးပါတီ (KIO) အနေဖြင့် နိုင်ငံရေးဆွေးနွေးမှုမပါဘဲအပစ်အခတ်ရပ်စဲရေး ပြုလုပ်ခြင်းအားကန့်ကွက်နေခြင်းဖြစ်သည်။ ယခင်တိုင်းရင်းသား လူမျိုးစုများ တင်ပြခဲ့ကြ သည့်အချက်များနှင့်ယနေ့ကာလအပစ်အခတ်ရပ်စဲရေးပြုလုပ်ခဲ့ကြသည့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တင်ပြမည့်အချက်များသည်ကွာခြားမှုရှိလိမ့်မည် မဟုတ်ပေ။ ထိုစဉ်ကအမျိုးသားညီလာခံကျင်းပရေးကော်မတီသဘာပတိသည် ယခုပြည်ထောင်စု မြန်မာ နိုင်ငံ သမ္မတကြီးဗိုလ်ချုပ်ကြီးသိန်းစိန် ဖြစ်သဖြင့် ၎င်းအနေဖြင့် မည်မျှအထိ ပြုပြင်ပြောင်းလဲမှုများပြုလုပ်လိုမည်ကို သံသယ ရှိနေကြပေသည်။ ထိုသို့စစ်တပ်မှ (၂၂) နှစ်ကြာ နိုင်ငံတော်အာဏာအားထိမ်းချုပ်ထားရာမှ နိုင်ငံတကာ၏ အသိအမှတ်ပြုသော အရပ်သားအစိုးရဖြစ်လာရေးသည် စစ်တပ်အတွက် အထူးအရေးကြီးသည်ဖြစ်ရာတစုံတရာလုပ်ဆောင်မှုမရှိပါက နိုင်ငံတကာမှ လက်ခံနိုင် မည်မဟုတ်သည့်အတွက် အပေါ်ယံပြောင်းလဲမှုများပြုလုပ်လာခဲ့သည်။ အထူးသဖြင့်၂၀၁၄–ခုနှစ် တွင် ASEAN ဥက္ကဋ္ဌရယူလိုခြင်း၊ အနောက်နိုင်ငံများ၏စီးပွားရေးပိတ်ဆို့မှုများရုတ်သိမ်းပေးလိုခြင်း၊ နိုင်ငံတကာရင်းနှီးမြုပ်နှံမှုများရယူလိုခြင်း၊ UN အပါအဝင် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုရရှိလိုခြင်း၊ ပြည်သူလူထု၏ထောက်ခံမှုရရှိလိုခြင်းတို့ကြောင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေး ခြင်း၊NLDအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ရန်လိုအပ်သည့်ဥပဒေ ပြင်ဆင်မှုများပြုလုပ်ပေးခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများနှင့် အပစ်အခတ်ရပ်စဲမှုများပြုလုပ်ခြင်းနှင့် ဥပဒေအချို့ပြင်ဆင်ခြင်း၊လူမှုအဖွဲ့အစည်းများ ထူထောင်ခွင့်ပြုခြင်း၊ သတင်းစာနယ်ဇင်း များအထိုက်အလျောက် လွတ်လပ်ခွင့်ပြုခြင်းများ စသဖြင့်ပြုလုပ်ခဲ့သည်။ နိုင်ငံတကာ၏ထောက်ခံမှု အပြည့်အဝ ရရှိပါက တိုင်းရင်းသား လူမျိုးစုများ၏ကိုယ့်ကြမ္မာကိုယ်ဖန်တည်းခွင့်ရရှိရေး၊ ဖက်ဒရယ်ပြည် ထောင်စု တည်ဆောက်ရေး နှင့် ဒီမိုကရေစီရေး တို့သည် လုစ်လျူရှုခံရ မည်မှာမလွဲပေ။ ထို့ကြောင့် နိုင်ငံတကာအစိုးရများအား UNFC မှသော်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်မှ သော်လည်းကောင်းမြန်မာနိုင်ငံအတွင်း ရင်းနှီး မြုပ်နှံမှုများအလျင်စလိုမပြုလုပ်ကြရန်မေတ္တာရပ်ခံခဲ့ကြခြင်းဖြစ်သည်။

သမ္မတဦးသိန်းစိန် ထိုင်းနိုင်ငံရောက်ရှိစဉ်က CNA သတင်းဌါန နှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်မှုကိုလေ့လာ ကြည့်ပါက လက်ရှိအစိုးရ အနေဖြင့်၎င်း တို့၏မဟာဗျူဟာဖြစ်သည့် "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား အပစ်အခတ်ရပ်စဲရေးလုပ်၊ ဖွံ့ဖြိုးရေးဖြင့် ဆွဲဆောင်၊နိုင်ငံရေးပြုပြင်ပြောင်းလဲရေးကိုလည်းကောင်းတို့ အစီအစဉ်အတိုင်း ထိန်းချုပ်ထားရေး"ကိုအခိုင်အမာကိုင်စွဲထားသည် ကိုတွေ့

ရှိရသည်။သမ္မတဦးသိန်းစိန်က“ဒေါ်အောင်ဆန်းစုကြည် ဖက်မှာရှေးရိုးစွဲပုဂ္ဂိုလ်တွေလည်းရှိပါတယ်။ နောက်ပြီးတော့ တိုးတက်တဲ့ အမြင်ရှိ တဲ့လူငယ်တွေလည်းရှိပါတယ်။ တပ်မတော်ထဲမှာလည်းအလားတူ ရှိမှာဖြစ်ပါတယ်။ ကျနော်တို့ရဲ့အစိုးရအဖွဲ့ထဲမှာလည်းရှိမှာဖြစ် ပါတယ်။” “ထိုရှေးရိုးစွဲများရှိ နေခြင်းသည်တိုင်းပြည်ဖွံ့ဖြိုးမှုအပေါ်မှာမူတည်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက် အောင်လုပ်ပြခြင်းဖြင့် ဆန့်ကျင်သဘောထားရှိသူတွေ နောက်ကအလိုလိုလိုက်ပါလာမှာဖြစ်ပါတယ်” ဟုပြောကြားခဲ့သည်။ သမ္မတရည်ညွှန်းသည့် ရှေးရိုးစွဲရှိသူများ သည် ၎င်းတို့နှင့်ဆန့်ကျင်သဘောထားရှိသူများကိုဆိုလိုခြင်းဖြစ်သဖြင့် လက်နက်ကိုင်တိုင်းရင်းသားလူမျိုးစုအဖွဲ့ အစည်းများ သည်၁၉၄၇၊၁၉၇၄ နှင့် ၂၀၀၈–ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆန့်ကျင်သူများဖြစ်ကြရာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက် အောင်ပြုလုပ်ပါကအလိုလို လိုက်ပါသွားကြမည်ဟု ထင်မြင်ယူဆခဲ့ဟန်ရှိသည်။ သို့မဟုတ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်စေပြီး နိုင်ငံရေးအရပြုပြင်ပြောင်းလဲရေးကိုမေ့မှိန်စေလိုသည့်၎င်းတို့၏မဟာစီမံကိန်းကို အကောင်အထည် ဖော်နေခြင်းလည်းဖြစ်သည်။ဤကဲ့သို့ ပကတိနိုင်ငံရေး ပြဿနာများကိုလစ် လျူရှု၍ဖွံ့ဖြိုးတိုးတက်ရေးဟူသည့်ကုထုံးဖြင့် မြန်မာ့နိုင်ငံရေး ပြဿနာကိုချဉ်း ကပ်မည်ဆိုပါကနှစ်ပေါင်း (၆၀)ကျော်ဖြစ်ပွား ခဲ့ပြီးဖြစ်သည့်ပြည်တွင်းစစ်မီးသည် ဆက်လက်ဖြစ်ပွားနေ မည်သာဖြစ်သည်။မြန်မာအစိုးရ၏ ထာဝရငြိမ်းချမ်းမှုတည် ဆောက်ရေးလုပ်ငန်းစဉ်များသည်လည်းစစ်အစိုးရအဆက်ဆက်မှ ပြုလုပ်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်ထက် ဘာမျှထူးခြားလာမည် မဟုတ်ပေ။

ထို့ကြောင့်ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းထာဝရ တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးတည်ဆောက်မည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအား တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူလူထုတရပ်လုံး၏ ဆန္ဒနှင့်အညီ ပြုပြင်ပြောင်း လဲရန်လိုအပ်သည်။ မြန်မာနိုင်ငံအစိုးရမှ ယခုပြု လုပ်လျက်ရှိသော ပြုပြင်ပြောင်း လဲမှုများအား ၎င်းတို့ ချမှတ်ထားသည့်ပြုပြင်ပြောင်းလဲရေးအခြေခံမှု များအတိုင်း မဟုတ်ဘဲပကတိ ဖြစ်ရှိနေသည့်တိုင်းပြည်၏အရင်းခံပြဿနာ များအားဖြေရှင်းနိုင် သည့်ဒီမိုကရေစီစနစ် နှင့်ကိုယ်ကြမ္မာ ကိုယ်ဖန်တီးခွင့်ကို အခြေခံသည့်ပြည်ထောင်စုစစ်စစ်တည်ဆောက်ရေးကို လွှတ်တော်ပြင်ပတွေ့ ဆုံဆွေးနွေးရေးမှတဆင့် ပြုလုပ်ရန်လိုအပ်ပါ ကြောင်းရေးသားလိုက်ရပေသည်။

## ချင်းအမျိုးသားတပ်ဦး နှင့် လက်နက်ကိုင်တော်လှန်ရေး

ချင်းအမျိုးသားတပ်ဦးသည် “အမျိုးသားတန်းတူမှုကိုအခြေခံသော ပြည်နယ်ပေါင်းစုဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး” နှင့် “ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရေး”အတွက် ၁၉၈၈–ခုနှစ် မတ်လ(၂၀)ရက်နေ့တွင်ဖွဲ့စည်း၍ စတင်တော်လှန်တိုက်ပွဲဝင်လာခဲ့သည်။ ဤသို့တိုက်ပွဲဝင်ရာတွင် ချင်းအမျိုးသားတို့၏အခြေခံရပိုင်ခွင့်များနှင့် ပင်လုံပဋိညာဉ်ပါ သဘောတူညီချက်များအား ပြန်လည်ရရှိရေးအတွက် နိုင်ငံရေးနည်းလမ်းအရ ခေတ်အဆက်ဆက်ငြိမ်းချမ်းစွာ တောင်းဆိုမှုများကို စစ်အစိုးရ အဆက်ဆက်မှ လက်နက်အားကိုး အကြမ်းဖက်နည်းဖြင့်မိမိတို့ချင်းအမျိုးသားများအား ဖိနှိပ်လာသည်သာမက မိမိတို့ပိုင်နက်နယ်မြေဖြစ်သည့် ချင်းလဲန်ကိုပါကျူးကျော်လာသဖြင့် မိမိတို့လူမျိုးမပပျောက်ရေးနှင့်ဖိုးဖွားအမွေ အမိမြေ ချင်းလဲန်အား ကာကွယ်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို မလွှဲမရှောင်သာ ကျင့်သုံးလာခဲ့သည်။

အမျိုးသားနိုင်ငံ၊ လူတန်းစား သို့မဟုတ် နိုင်ငံရေးအဖွဲ့အစည်းတို့ အချင်းချင်းတိုက်ပွဲဆင်နွှဲခြင်း ၏အမြင့်ဆုံးအသွင်မှာ စစ်ပင်ဖြစ်သည်။ စစ်ဆိုသည်မှာ နိုင်ငံရေးရည်မှန်းချက်တခုကို ရရှိရန်လုပ်ဆောင်သည့်ထူးခြားသော နည်းလမ်းတခုဖြစ်ပြီးနိုင်ငံရေး ပြဿနာအား နိုင်ငံရေး နည်းလမ်းအရ မည်သို့မျှ မဖြေရှင်းနိုင်တော့သည့်အဆုံး နိုင်ငံရေးအတွက် ထွက်လမ်းဖွင့် ပေးသည့် လုပ်ဆောင်မှုတခု ဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားတို့၏ခုခံတော်လှန်စစ်သည် အုပ်စိုးသူ စစ်အစိုးရကမိမိတို့၏ လွတ်လပ်မှု၊ လိုအင်ဆန္ဒ၊ ငြိမ်းချမ်းစွာ နေထိုင်လိုမှုတို့ကို ပိတ်ပင်တားဆီးထားသည်သာမက မိမိတို့၏အမျိုးသား အခွင့် အရေးတို့ကိုပါအသိအမှတ်မပြုမှုတို့ကြောင့် မလွှဲမရှောင်သာ သောအခြေအနေ တွင် မိမိတို့ရည်မှန်းချက်ပန်းတိုင်သို့တက် လှမ်းနိုင်ရေးအတွက် ရွေးချယ်ထားသည့် တရားသောစစ်ဖြစ်သည်။ မိမိတို့ရည်းမှန်းချက်ပန်းတိုင်ရောက်မှ စစ်သည်ပြီး ဆုံး ခြင်းသို့ ရောက်ရှိမည်ဖြစ်ပြီး မိမိတို့ရည်မှန်းချက်ပန်းတိုင်သို့မရောက်မချင်း ခုခံတော်လှန်စစ်သည် ဆက်လက်ရှိနေဦးမည်သာဖြစ်သည်။

ချင်းအမျိုးသားတို့သည် ချင်းလဲန်အတွင်းသို့ အင်္ဂလိပ်များဝင်ရောက်ကျူးကျော်စစ်ဆင်နွှဲ၍ အင်္ဂလိပ်လက်အောက်သို့မကျ ရောက်မီကာလအထိကိုယ့်မင်း ကိုယ့်ချင်းဖြင့်အုပ်ချုပ်ခဲ့ကြသည်။ အချုပ်အခြာအာဏာပိုင်ချင်းလဲန်အတွင်း လွတ်လပ်စွာမိမိတို့ဘာသာစကား၊ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများကို ဖော်ထုတ်ကျင့်သုံးနေထိုင်ခဲ့ကြသည့်လူမျိုးများဖြစ်ကြသည်။ ၁၈၇၁–၁၈၉၅ ခုနှစ်ကာလများတွင်အင်္ဂလိပ်နှင့်စစ်ပွဲသုံးကြိမ်တိုင်တိုင်ဖြစ်ပွားခဲ့ပြီး စည်းလုံးညီညွတ်မှုမရှိမှု၊ စစ်တပ်ကောင်း မွန်စွာဖွဲ့စည်းထားမှုမရှိသည့်အပြင် စနစ်တကျခုခံတော်လှန်မှု မရှိသဖြင့် ၁၈၉၅–ခုနှစ်မှစ၍ ချင်းလဲန်သည်အင်္ဂလိပ် လက် အောက်သို့ကျရောက်သွားခဲ့ရပြီးလွတ်လပ်မှုနှင့် အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ သူ့ကျွန်မခံ လိုသောချင်းအမျိုး သားများသည်ရရာလက်နက်စွဲကိုင်ကာ၁၉၁၇–၁၉၁၉–ခုနှစ်များ တွင်အင်္ဂလိပ် တို့ကိုတော်လှန်တိုက်ခိုက် ခဲ့ ကြသည်သာမက ၁၉၃၃–ခုနှစ်မှစ၍ ချင်းအမျိုးသား သမဂ္ဂသည်ချင်းလဲန်အား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်နှင့် ဗမာပြည်အား လွတ်လပ်ရေးပေးပါက ချင်းလဲန်အားလည်း လွတ်လပ်ရေးပေးရန် အင်္ဂလိပ်တို့ထံ တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ သို့သော် အင်္ဂလိပ်တို့ကစစ်အင်အားဖြင့်ဖြိုခွဲမှု နှင့်ဖမ်းဆီးထောင်ချမှုတို့ဖြင့် တုန့်ပြန်ခဲ့သဖြင့် ချင်းတို့၏အမျိုးသားရေး လှုပ်ရှားမှုမှာ အခိုက်အတန့်မေးမှိန်ခဲ့ရသော်လည်း လွတ်လပ်ရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကိုမူ အစွန်းကုန် ပြုလုပ်ခဲ့ကြသည်။

၁၉၄၇–ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ချုပ်ဆိုသောပင်လုံစာချုပ်အရ “သီးခြားလွတ်လပ်သော တိုင်းရင်းသားလူမျိုး များ၏ပြည်ထောင်များကို တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံသစ်ကို ထူထောင်မည်”ဟူသော သဘောတူညီချက် ဖြင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် ကရင်၊ မွန်၊ ရခိုင် စသည်တို့ပါဝင်သည့် “Ministerial Burma” ခေါ်မြေပြန့် ဒေသနှင့် “Frontier Areas” ခေါ် ကချင်၊ ချင်း၊ ရှမ်း စသည့် တောင်တန်းဒေသများ ပူးတွဲကာ ဗြိတိသျှထံမှ လွတ်လပ်ရေး ရယူကာ “ပြည်ထောင်စုမြန်မာနိုင်ငံတော်”ကိုထူထောင်ခဲ့ကြ သော်လည်း ၁၉၄၇–ခုနှစ် စက်တင်ဘာလ (၂၄)ရက်နေ့တွင် ရေးဆွဲအတည်ပြုသည့် “ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ” တွင် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

ဆုံးရှုံးခြင်း၊ တိုင်းရင်းသား လူမျိုးများအကြား နိုင်ငံရေးအရ၊ လူမျိုးရေးအရ တန်းတူမှုအခွင့်အရေးဆုံးရှုံးခြင်းနှင့် ပြည်သူလူထု၏ အခြေခံအခွင့်အရေးများ ချိုးဖောက်ခံရသည်သာမက ဒီမိုက ရေစီအခွင့်အရေးများပါဆုံးရှုံး ခဲ့ကြရသည်။ ဤကဲ့သို့ ဆုံးရှုံးသွား သောအခွင့် အရေးများပြန်လည်ရရှိရေးအတွက်၁၉၆၁–ခုနှစ်တွင် ကျင်းပပြုလုပ်သည့် တောင်ကြီးညီလာခံတွင်သော်လည်းကောင်း၊ ၁၉၆၂–ခုနှစ်တွင် ပြုလုပ်သည့် အသံလွှင့်ရုံဆွေးနွေးပွဲများတွင် ၄င်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း ၁၉၆၂–ခုနှစ် မတ်လ (၂) ရက်နေ့တွင် စစ်အာဏာသိမ်းမှုဖြင့်သာ တုန့်ပြန်ခဲ့သည်။ ၁၉၇၄–ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲ နိုင်ရေးအတွက် အကြံညာဏ် ပေးသူများအား ဖမ်းဆီးထောင်ချမှု များဖြင့်တုန့်ပြန် ခဲ့သည်။၁၉၈၈–ခုနှစ်တွင် ဒီမိုကရေစီရေး လှုပ်ရှားသူများအား စစ်လက်နက်အားကိုးဖြင့် ပစ်ခတ်မှုများပြု လုပ်ခဲ့ပြီး ၁၉၈၈ခုနှစ် စက်တင်ဘာလ (၁၈)ရက်နေ့တွင် စစ်တပ်အာဏာသိမ်းမှု ဖြင့်သာ တုန့်ပြန်ခဲ့သည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးသည် လက်နက်အင်အားဖြင့် နိုင်ငံရေး ပြဿနာရပ်များအား ဖြေရှင်းလေ့ရှိသည့်စစ်အစိုးရအား လက်နက်ကိုင်ခုခံတွန်းလှန်ခြင်းမှတပါးတခြားရွေးချယ်စရာနည်းလမ်း မရှိတော့ပေ။ ထို့ကြောင့်အုပ်စိုးသူအစိုးရများအနေဖြင့်လက်နက်ဖြင့် မြန်မာ့နိုင်ငံရေးပြဿနာအားဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်နေသရွေ့ မိမိတို့ လက်နက်ကိုင်တော်လှန်မှုသည်လည်း ရှင်သန်နေဦးမည် ဖြစ်သည်။

ချင်းအမျိုးသားတပ်ဦးသည် မြန်မာ့နိုင်ငံရေးအရင်းခံပြဿနာနှစ်ရပ်ဖြစ်သည့် “တိုင်းရင်းသားလူမျိုးများအကြား တန်းတူ ညီမျှမှုမရှိသည့်ပြဿနာ”နှင့်“ဒီမိုကရေစီဆိတ်သုဉ်းမှုပြဿနာ”တို့အား တွေ့ဆုံဆွေးနွေးအဖြေရှာရေး နည်းလမ်းအားဖြင့်ဖြေ ရှင်းနိုင်မည်ဟုမျှော်လင့်ယုံကြည်ထားသည်နှင့်အညီ စစ်အစိုးရနှင့်တွေ့ဆုံ၍ နိုင်ငံရေးနည်းလမ်းအရ အဖြေရှာရန်အမြဲ တန်းကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၂၀၀၇–ခုနှစ် မတ်လတွင် ပထမဦးဆုံးအကြိမ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်။ နအဖအနေဖြင့် “လက်နက်နှင့်ငြိမ်းချမ်းရေးကိုလဲလှယ်ရေး”ကိုသာ တစိုက်မတ်မတ် တွန်းအားပေးခဲ့သည် ကလွဲ၍ တခြားကိစ္စရပ်များစိတ်ဝင်စားမှုမရှိပေ။ နအဖ၏ငြိမ်းချမ်းရေးသည် လက်နက်ချ၍ ၄င်းတို့ အစီအမံအောက်တွင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်စေခြင်း၊ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင် စေခြင်း တို့ကို ဆိုလိုသည်ဖြစ်ရာ တကယ့်ငြိမ်းချမ်းရေးကို တည်ဆောက်ရန် မဟုတ်ဘဲ ချင်းအမျိုးသားတို့၏ ခုခံတော်လှန်စစ်ကိုချေမှုန်းရန် အတွက်ရည်မှန်းခြင်း သာဖြစ်သည်။ ဖွံ့ဖြိုးရေးနှင့် မိမိတို့၏ လွတ်လပ်မှုကိုမလဲနိုင်ပေ။ မဖြစ်စလောက် စီးပွားရေး လုပ်ငန်းနှင့် မိမိတို့၏အမျိုးသား အခွင့်အရေးများ ကိုမလဲနိုင်ပေ။ ချင်းအမျိုးသားတပ်ဦး အနေဖြင့် ငြိမ်းချမ်းရေးကိုမြတ်နိုး၍ ၄င်းငြိမ်းချမ်းရေးရရှိရေး အတွက်တိုက်ပွဲဝင်ခြင်းဖြစ်သည်။ တကယ့် စစ်မှန်သော ငြိမ်းချမ်းရေး ကိုသာ လိုချင်သည်။ ရေရှည် တည်တန့် ခိုင်မြဲသောငြိမ်းချမ်းရေးကို လိုချင်သည်။ ကမ္ဘာပေါ်ရှိ လူသားတိုင်းမလိုအပ်ဘဲ မိမိတို့၏ သွေးစက်တစက်မျှပင် အကျခံချင်ကြ မည်မဟုတ်ပေ။ သို့သော်မိမိတို့၏အခွင့်အရေး၊ဘဝရှင်သန်ရေးနှင့်ငြိမ်းချမ်းရေး အတွက်ဆိုလျှင်အသက်ကိုပင် ပေးဆပ်လေ့ရှိကြပေသည်။ တိုင်းရင်းသားလူမျိုး များ၏တန်းတူညီမျှမှုနှင့် စစ်မှန်သော ဒီမိုကရေစီစနစ် တည်ဆောက်မှသာလျှင် စစ်မှန်သော ငြိမ်းချမ်းရေးကိုရရှိနိုင်မည်ဖြစ်သည်။ ဒေသတွင်း၌လည်း ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်ဟု ချင်းအမျိုးသားတပ်ဦးအနေဖြင့် စွဲမြဲစွာယုံကြည်သည်။

ချင်းအမျိုးသားတပ်ဦးသည် မြန်မာ့နိုင်ငံရေးပြဿနာများအား ဖြေရှင်းနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့သည့်နည်းတူ ၁၉၉၇–ခုနှစ်ဇန်နဝါရီလ(၇–၁၄)ထိ မြန်မာပြည်တွင်းရှိ တော်လှန်သော တိုင်းရင်းသား လူမျိုးစုအဖွဲ့အစည်းပေါင်း (၁၅) ဖွဲ့နှင့်အတူ ပထမအကြိမ်တိုင်းရင်းသားလူမျိုးများ၏ နီးနှောဖလှယ်ကြီးတရပ်ကို ကရင်အမျိုးသားအစည်းအရုံး၏ အခြေခံဒေသဖြစ်သော မဲသရောထာအရပ်တွင် ကျင်းပခဲ့ပြီး “နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်အတွက် နဝတကိုယ်စားလှယ်များ၊ဒေါ်အောင်ဆန်းစုကြည် နှင့် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်များ ပါဝင်သည့် ဘက်(၃)ဘက်တွေ့ဆုံဆွေးနွေးရေးကို ကုလသမဂ္ဂ၏ ဆုံးဖြတ် ချက်နှင့်အညီ အမြန်အကောင်အထည်ဖော်ရန်” တောင်းဆိုမှု ပြုလုပ်ခဲ့သည်။ သို့သော် စစ်အစိုးရမှ လိုက်လျောခြင်းမရှိသည်သာမက ကြီးမားသော စစ်ဆင်ရေး များဖြင့်သာတုန့်ပြန်ခဲ့သည်။ ထိုမျှမကစစ်အစိုးရအနေဖြင့် “စစ်အာဏာရှင်စနစ် ရှင်သန်ရေး” နှင့် “ဗမာလူမျိုးကြီးဝါဒရှင် သန်ရေး”တို့ အတွက် ၂၀၀၃–ခုနှစ်တွင် အဆင့်(၇)ပါနိုင်ငံရေးလမ်းပြမြေပုံကို ကြေညာခဲ့ပြီးကမ္ဘာ့ကုလသမဂ္ဂအပါအဝင် မည်သည့်နိုင်ငံ၊မည်သည့်အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊မည်သည့်လူပုဂ္ဂိုလ်များနှင့် တိုင်းရင်းသား လူမျိုးပေါင်းစုံ၏ ဆန္ဒသဘောထားများကိုမျှ စိုးစဉ်းမျှဂရုမစိုက်ဘဲ ၄င်းအလိုကျ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲ၊၂၀၁၀ရွေးကောက်ပွဲများ ပြုလုပ်၍ တိုင်းပြည် ကိုကြိုက်သလိုအုပ်စိုးနိုင်ရန် စီစဉ်လျက်ရှိသည်။ (၆၂)နှစ် တာကာလအတွင်းအာဏာလက်ကိုင်ထားသူအဆက်ဆက်သည်မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်ကိုလက်ကိုင်ထားပြီး တိုင်းရင်းသားလူမျိုးများအား ရက်စက်စွာစစ်ဆင်တိုက်ခိုက်ခြင်းကြောင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် အတိဒုက္ခ ရောက်နေကြရသည်ကို အားမရသေးဘဲတိုင်းရင်းသားများ၏ဘဝ ရပ်တည်မှု အခြေအနေနှင့် တိုင်းပြည်၏ အခြေအနေ ကို ပိုမိုတင်းမာဆိုးဝါးလာမည့် လမ်းသို့ တွန်းပို့လျက်ရှိနေပေသည်။

ချင်းအမျိုးသားတို့၏သမိုင်းကြောင်းကိုပြန်ကြည့်ပါက မိမိတို့ချင်းလဲန်တွင် အေးချမ်းစွာနေထိုင်ကြသည်မှတပါး တိုင်းတပါး နိုင်ငံများနှင့်အခြားလူမျိုးများ ကိုကျူးကျော်သိမ်းပိုက်နှောက်ယှက်ခြင်းများမပြုလုပ်ခဲ့ဖူးပေ။ အေးချမ်းစွာ အိမ်နီးနားခြင်း နိုင်ငံများနှင့်ဆက်ဆံနေထိုင်ခဲ့ကြသည်။ ဗမာ့သမိုင်းကိုပြန်ကြည့်ပါက မွန်ပြည်နှင့် ရခိုင်ပြည်ကိုသိမ်းပိုက်အုပ်ချုပ်ခြင်း၊ ထိုင်းနိုင်ငံအား အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်ခြင်း၊ မဏိပူရနှင့်အာသံပြည်အားဝင်ရောက်တိုက်ခိုက်ခြင်း နှင့် အနော်ရထာဘုရင် မှ ပထမမြန်မာနိုင်ငံတော်၊ ဘုရင့်နောင်ဘုရင်မှ ဒုတိယ မြန်မာနိုင်ငံတော် နှင့်အလောင်းဘုရားဘုရင်မှ တတိယ မြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့ကြခြင်းသည် လက်နက်အင်အား၊တပ်မတော်အင်အားဖြင့် ဗမာအင်ပါယာများတည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ ဦးနုဦးဆောင်သော ဖဆပလအစိုးရ၊ ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော မဆလအစိုးရ၊ ဗိုလ်ချုပ်ကြီး စောမောင်၊ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ ဦးဆောင်သောနဝတ၊နအဖအစိုးရ အဆက်ဆက်သည် စတုတ္ထဗမာအင်ပါယာတည်ထောင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေကြသည်။ အကြောင်းမှာ ၁၉၄၇–ခုနှစ်၊ ၁၉၇၄–ခုနှစ် နှင့် ၂၀၀၈–ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လူမျိုးတမျိုးတည်းသာရှိသော တိုင်းပြည်များတွင် ကျင့်သုံးလေ့ရှိသည့် တပြည်ထောင်စနစ် အနှစ်သာရရှိသော ဖွဲ့စည်းအုပ်ချုပ်ပုံများဖြစ်ခြင်း၊ ဗမာစကားနှင့် ဗမာစာကိုသာတနိုင်ငံလုံး အသုံး ပြုသည့် ရုံးသုံးအဖြစ်သတ်မှတ်ခြင်း၊ ဗုဒ္ဓဘာသာအား အခြားဘာသာထက် ပိုမိုမွန်မြတ်၍ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံသောဘာသာအဖြစ် အတိအလင်း သတ်မှတ်ခြင်း၊ တိုင်းရင်းသားတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို မိမိတို့နယ်မြေအတွင်းတွင်ပြင် တရားဝင် အသုံးပြုခွင့်ပိတ်ပင်ထားခြင်း၊ ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခွင့်ပိတ်ပင်ထားခြင်း၊ ဗမာလူမျိုးများကြီးစိုးသော တပ်မတော်တည်ဆောက်၍ တနိုင်ငံလုံးတွင် တပ်မတော်တရပ်သာ ထားရှိကာ ယင်းတပ်မတော်မှ မြန်မာ့နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် ဝင်ရောက်နေရာ ယူထားခြင်း၊ အဆိုပါ တပ်မတော်အား လူအင်အား၊ အတတ်ပညာအင်အား နှင့်ခေတ်မှီစစ်လက်နက်များ ဖြင့်တပ်ဆင်ထားခြင်း၊ စစ်မှုမထမ်း မနေရအမိန့်ထုတ်ပြန်၍

အင်အားတိုးချဲ့မှုများ ပြုလုပ်ခြင်း၊စစ်တပ်နှင့် စစ်တပ်ကျောထောက်နောက်ခံပြုထားသည့်ပါတီမှ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လက်ဝါးကြီး အုပ်ထားခြင်းစသည့် စတုတ္ထဗမာအင်ပါယာတော်ကြီး တည်ဆောက်ရေး၏ အဓိကကျသော လုပ်ဆောင်မှုများ အဆင့်ဆင့် လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားများအစဉ် တည်တံ့ ရှင်သန်ရပ်တည်နိုင်ရေးနှင့် ချင်းလဲန်အား သူတပါးလက်အောက်သို့ မကျရောက်ရေးအတွက် အကာအကွယ်ပေးမည့် "ချင်းအမျိုးသားတပ်မတော်" ကို ၁၉၈၈-ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ချင်းအမျိုးသားများရှင်သန်ရပ် တည်နိုင်ရေးသည် ချင်းအမျိုးသားများတွင်တာဝန်ရှိသည်။ ဘုရားသခင်က ချင်းတို့အတွက် ကောင်းချီးပေးထားသော ချင်းတို့ပြည်၊ ဘိုးဘွားများရရာလက်နက်စွဲကိုင်၍ ကာကွယ်ခဲ့ကြသော ချင်းတို့ပြည် တပါးသူ၏လက်သို့ မကျရောက်ရေးသည် ချင်းအမျိုးသားများ၏ အမျိုးသားရေးတာဝန်နှင့် သမိုင်းပေးတာဝန်ဖြစ်သည်။ သို့ဖြစ်၍ ဤကဲ့သို့သော အရေးကြီးသည့်ကာလတွင် ချင်းအမျိုးသားတိုင်း အမျိုး သားရေးလှုပ်ရှားမှုတွင် ပါဝင်ရန် လိုအပ်သည်။ချင်း အမျိုးသားတို့အနေဖြင့် စည်းလုံးညီညွတ်မှုကို အမြင့်ဆုံးအဆင့်သို့တိုးမြှင့်ကြရန် လိုအပ်သည်။ ချင်းအမျိုးသားတို့ဆင်နွှဲနေသောစစ်သည် တရားမျှတသော၊ မှန်မြတ်သောစစ်ပွဲဖြစ်သည့်အလျှောက် လွတ်လပ်မှုကိုမြတ်နိုးပြီး ယဉ်ကျေးသောကမ္ဘာသူ ကမ္ဘာသားများမှ လည်းအားပေးကူညီကောင်းချီးသြဘာ ပေးကြမည်ဖြစ်သည်။

## ချင်းအမျိုးသားတပ်ဦး၏ အဓိပတိကောင်စီအစည်းအဝေးအောင်မြင်စွာကျင်းပပြီးစီး



ချင်းအမျိုးသားတပ်ဦး၏ ဒုတိယကြိမ်မြောက် အဓိပတိကောင်စီအစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၅-၂၇ ရက်နေ့များတွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တော်တွင် ပြုလုပ်ခဲ့ရာအိန္ဒိယ မြန်မာနယ်စပ်၊ ဂျာမဏီ နိုင်ငံ၊ ဆွီဒင်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြီးလျနိုင်ငံ နှင့်အမေရိကန် ပြည်ထောင်စုများတွင် အခြေစိုက်လျက်ရှိကြသည့် အဓိပတိကောင်စီဝင်များတက်ရောက်ခဲ့ကြသည်။

ဤအစည်းအဝေးတွင်ချင်းအမျိုးသားတပ်ဦး နှင့်ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့၏ ဒုတိယအကြိမ်ဆွေးနွေးမှုပြုလုပ်ခဲ့သည့်ဖြစ်စဉ်များ၊သဘောတူညီ ချက်များအပေါ်ဝေဖန်သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ထို့အပြင်တတိယအကြိမ်တွေ့ဆုံဆွေးနွေးရေးအတွက် အခြေခံမူများချမှတ်ခြင်း၊ လုပ်ငန်းစဉ်များဆွေးနွေး ဆုံးဖြတ်မှုများပြုလုပ်ခဲ့ကြသည့်အပြင် ငြိမ်းချမ်းရေးဆွေးနွေး ရေးအဖွဲ့ တွင်ပါဝင်မည့်ပုဂ္ဂိုလ်ရွေးချယ်မှုများ ပြုလုပ်ခဲ့ကြသည်။ အထူးသဖြင့် လွှတ်တော်ပြင်ပတွင် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေး ဖြေရှင်းရန် အာမခံချက် ရှိရေးနှင့် တန်းတူရည်တူရှိပြီး လွတ်လပ်ပွင့်လင်းမှုရှိသည့် ဆွေးနွေးပွဲဖြစ်ရေး စသည်တို့ ပါဝင်သည့် နိုင်ငံရေးအခင်းအကျင်းများကိုလည်းဆွေးနွေးခဲ့ကြသည်။

ဤအစည်းအဝေးတွင် ပြည်သူ့တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရေး(**Public Consultation**) ကိုအကျယ်တဝံ့ ဆွေးနွေးခဲ့ကြပြီးအပစ်အခတ်ရပ်စဲရေး မှ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များနှင့် ပတ်သက်၍ပြည်သူလူထုနှင့်အတူဆွေး နွေးမှုပြုလုပ်ရေးကိစ္စရပ်များ၊ ပြုလုပ်မည့်နေရာရွေးချယ်ခြင်းများ၊ ပါဝင်မည့်ပုဂ္ဂိုလ်ရွေးချယ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ၎င်းအပြင် ချင်းဖွံ့ဖြိုးရေးအေဂျင်စီ (**Chin Development Agency**)အား ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရများနှင့်အတူ ပူးတွဲအကောင်အထည် ဖော်ရေးလုပ်ငန်းများလည်းဆွေးနွေး ခဲ့ကြသည်။ချင်းအမျိုးသားတပ်ဦး မှသီးသန့်အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ချင်းဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းရေးကိစ္စရပ်များလည်း ဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။

ချင်းအမျိုးသားတပ်ဦး၏ အဓိပတိကောင်စီသည် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် (၉)မြို့နယ်မှ ကိုယ်စားလှယ်များ၊ ချင်းပြည်နယ်ပြင်ပ ဒေသရှိချင်းအမျိုးသား ကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များ၊အမျိုးသမီးများ၊ အမျိုးသားတော်လှန်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ချင်းအမျိုးသားတပ်ဦးကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ပြီး ချင်းအမျိုးသားတပ်ဦး၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီအား ကြီးကြပ်ကွက်ကဲလမ်းညွှန်မှုပေးသည့် အဖွဲ့အစည်းဖြစ်သည်။

# လူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒ

ပူးသောမတ်(စ်) ထန်နိုး

လူမျိုးရေး (သို့မဟုတ်) အမျိုးသားရေးဝါဒကို မှန်ကန်သောအမျိုးသားရေးဝါဒနှင့် မှားယွင်းသောအမျိုးသားရေးဝါဒဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ မှန်ကန်သော အမျိုးသားရေးဝါဒသည် မိမိလူမျိုးတည်တံ့ရပ်တည်နိုင်ရေးအတွက် မိမိလူမျိုး အတွင်း မျိုးချစ်စိတ်ရှိလာအောင် နှိုးဆော်ခြင်း၊ အခြားလူမျိုးများ၏ အသိမှတ်ပြုမှုကို ရအောင်အားထုတ်ခြင်း၊ အခြားလူမျိုးများ၏ ဖိနှိပ်ချုပ်ချယ်မှုကို အစွမ်းကုန် ခုခံကာကွယ်ခြင်း၊ အခြားလူမျိုးများကိုလည်းကျူးကျော်မှု၊ ဖိနှိပ်မှု၊ သိမ်းပိုက်မှု မပြုလိုခြင်း၊ အခြားလူမျိုးများကိုလည်း အသိအမှတ်ပြုခြင်း၊ တန်းတူ ဆက်ဆံခြင်း၊ လူမျိုးရေးအစွန်းရောက်ဝါဒများကို ဆန့်ကျင်ခြင်းများ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ မှားယွင်းသော အမျိုးသားရေးဝါဒဆိုသည်မှာ မိမိလူမျိုးသာ အမြင့်ဆုံး၊ အမွန်မြတ်ဆုံး၊ အကြီးဆုံး၊ အမျိုးအနွယ် ဖြစ်သည်ဟု ယူဆကြခြင်း၊ အခြားလူမျိုးများကို လည်း အသိအမှတ်မပြုလိုခြင်း၊ အခြားလူမျိုးများရပ်တည် ရှင်သန်ရေးကို လည်းမ လိုလားကြခြင်း၊ အခြားလူမျိုးများကို သိမ်းပိုက်ဖိနှိပ်ချုပ်ချယ်ခြင်း၊ လူမျိုးတန်း တူမှုကိုလည်း လက်မခံခြင်း၊ မိမိ လူမျိုးကသာလျှင် အုပ်ချုပ်သူလူမျိုးအဖြစ် ယူဆ ကာ အခြားလူမျိုးများကို မိမိလက်အောက်ခံအဖြစ် သတ်မှတ်ကြခြင်း၊ အခွင့် အရေးပိုယူလိုကြခြင်း၊ စသည်များဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ယခု ကျနော်ဆွေးနွေးတင်ပြလိုသည်မှာ မှားယွင်းသောအမျိုးသားရေးဝါဒနှင့် ဆက်စပ်သော လူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒ နှစ်ခုပင် ဖြစ်ပါ သည်။ ကျွန်ုပ်တို့နိုင်ငံသမိုင်းအကြောင်း၊ ဥပဒေဆိုင်ရာနှင့်လက်ရှိ အခြေအနေ ဟူ၍ တင်ပြလိုပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြသော ကျွန်ုပ်တို့ နိုင်ငံတွင် သမိုင်းမတင်မီနှင့် သမိုင်းတင်ပြီး ပဒေသရာဇ်ခေတ်အဆက်ဆက်၊ အင်္ဂလိပ် တို့က တိုက်ခိုက်သိမ်း ပိုက်ပြီး လက်အောက်ခံအဖြစ်နေကြရသော ကိုလိုနီခေတ်၊ ၁၉၄၈– ခုနှစ် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရပြီးခေတ်နှင့် ယခုလက်ရှိ အချိန်ထိ ဤလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒတို့ကြောင့် ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှု မတည်ဆောက်နိုင်ကြဘဲ စည်းလုံးညီညွတ်မှုပြိုကွဲရေးကို ဖြစ်ပေါ်စေခဲ့သည်။ နောက်ဆုံး နှစ်ပေါင်း (၆၀) ကျော်၊ ပြည်တွင်းစစ်မီး တောက်လောင်စေခဲ့ပါသည်။

အေဒီ (၂) ရာစုမှ (၉) ရာစု အကြား လူမျိုးတစ်မျိုးအဖြစ် ခိုင်မာစွာရပ် တည်နိုင်ခဲ့ သော ပျူလူမျိုးတို့သည် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာနိုင်ငံများကို တည် ထောင်နိုင်ခဲ့ကြပြီး ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသဖြင့် ဗုဒ္ဓယဉ်ကျေးမှု ထွန်း ကားစေခဲ့သည်။ ပုဂံခေတ်ကျောက်စာများတွင် ပျူစာများတွေ့ရှိနိုင်ခဲ့ခြင်းကို ထောက်ရှုခြင်းအားဖြင့် ပုဂံခေတ်အထိ ပျူလူမျိုးများရှိနေကြပြီး လူမျိုးတရပ် အဖြစ် ရပ်တည်နိုင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ (၁၃) ရာစုနောက်ပိုင်းတွင်မူ ပျူလူမျိုးများ ပျောက်ကွယ်သွားခဲ့ကြသည်။ ဗမာလူမျိုးနှင့် မွန်လူမျိုးများ၏ လက်အောက် သို့တ လှည့်စီကျရောက်ခဲ့ရပြီးသည့်နောက်တွင် ပျူလူမျိုးများ ပျောက်ကွယ်သွားခဲ့ရခြင်း ဖြစ်သည်။ ဤကဲ့သို့ ပျူလူမျိုးများပျောက်ကွယ်ရသည့် အကြောင်း အမျိုးမျိုး ရှိမည် ဖြစ်သော်လည်း၄င်း တို့လူမျိုးနှင့် နီးကပ်စွာရှိနေခဲ့ကြသော အခြားလူမျိုး များဖြစ် သည့် ဗမာနှင့် မွန်လူမျိုးတို့၏ လူမျိုးကြီးဝါဒသည် အဓိကအကြောင်းရင်း တခု ဖြစ်မည်ဟု ယူဆကြသည်။ ယခုတွင် ပျူလူမျိုးဟူ၍ ရှာမတွေ့ရပြီ။ ပျူ လူမျိုး တို့၏ သမိုင်း၊၄င်းတို့ချန်ထားခဲ့သော မြို့ဟောင်းများ၊ ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်း ပစ္စည်းများကို တူးဖော်တွေ့ရှိရသည့်အခါ ပျူလူမျိုးများ၏ အကြောင်းကို သတိရစေ ပြီး ရင်နင့်ခဲ့ရသည်။

သမိုင်းတင်ပြီး မြေပြန့်ပဒေသရာဇ်မင်းများသည် လူမျိုးအချင်းချင်းအကြားတွင် သော်လည်းကောင်း၊ အခြားလူမျိုးများနှင့်သော်လည်းကောင်း၊ လက်နက်ကိုင် စစ်ပွဲ များ ဖြစ်ခဲ့ကြပြီး နယ်မြေသိမ်းပိုက်ကာ နိုင်ငံချဲ့ထွင်ခဲ့ကြသည်။ အင်အားတန်ခိုး ကြီးသော ဗမာပဒေသရာဇ်မင်းများကသာလျှင် ကျယ်ဝန်းသော ဧရာဝတီမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်း၊ သံလွင်မြစ်ဝှမ်းများကို စုစည်းပိုင်ဆိုင်နိုင်ခဲ့ကြသည်။ မွန်မင်းများ အင်အားတန်ခိုးကြီးလာလျှင် ဗမာမင်းများနယ်မြေကို တိုက်ခိုက်သိမ်း ပိုက်ခဲ့ကြပြန် သည်။ ဤသို့ဖြင့် ပဒေသရာဇ်မင်းများ ပြိုင်ဆိုင်စစ်ပွဲများဖြစ်ခဲ့ကြပြီး ၁၇၅၇–ခုနှစ် တွင် ဖြစ်ပွားခဲ့သော မွန်နှင့် ဗမာပဒေသရာဇ်တိုက်ပွဲ၌ မွန်တို့အရေးနိမ့်ခဲ့ပြီး ယိုးဒ ယားနိုင်ငံဖက်သို့ စစ်ကြောင်းသုံးကြောင်းဖြင့် ဆုတ်ခွာခဲ့ကြသည်။ ထိုနည်းတူ ၁၇၈၄–ခုနှစ်တွင် ဗမာဘုရင်ဘိုးတော်ဘုရားသည် ရခိုင်ပြည်ကို တိုက်ခိုက် သိမ်းပိုက် ခဲ့သည်။ ဗမာဘုရင်မင်းများသည် တန်ခိုးအာဏာကြီးလာပြီး မြေပြန့်ဒေသရှိ အခြား လူမျိုးပဒေသရာဇ်မင်းဘုရင်များ (အာသံပြည်၊ ယိုးဒယားပြည်အထိ)ကို အောင် နိုင်ခဲ့ကြသဖြင့် ဗမာလူမျိုးတို့သည် ဇာတိသွေး ဇာတိမာန်တက်ကြွပြီး လူမျိုးကြီးဝါဒ သည် ဗမာလူမျိုးတို့တွင် ကြီးထွားလာရခြင်း ဖြစ်သည်။ ရှမ်း၊ မွန်နှင့် ရခိုင်လူမျိုးကဲ့သို့ ရှုံးနိမ့်သူလူမျိုးတို့သည် ဇာတိသွေး ဇာတိမာန်ကျဆင်းသွားခဲ့ကြပြီး အချိန်ကြာလာ သည်နှင့်အမျှ ကျဉ်းမြောင်းသောအမျိုးသားရေးအမြင်ဝါဒ၄င်း တို့လူမျိုးထဲတွင် ရှင် သန်လာခဲ့ရသည်။ လူမျိုးများတိုးတက်မှု နှေးကွေးလွန်းပြီး နောက်ကျကျန်ရစ်ကာ ယဉ်ကျေးမှု၊ ပညာဗဟုသုတ ကွာခြားလွန်း၍ လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲ သဖြင့် အခြားလူမျိုးများနှင့် ထိတွေ့ဆက်ဆံမှုနည်းပါးလွန်းလျှင်လည်း ကျဉ်းမြောင်း သောအမျိုးသားရေးအမြင်ဖြစ်စေရန် အလားအလာများသည်။

တောင်တန်းဒေသမှ ပဒေသရာဇ်မင်းများကို စော်ဘွား၊ စော်ကဲ၊ စောဖျာ၊ ဒိုဝါ၊ ရမ်အုပ်မင်းများစသဖြင့် လူမျိုးအလိုက် ခေါ်ဝေါ်ကြသည်။ တောင်တန်းဒေသရှိ လူမျိုး များသည် မျိုးနွယ်စု၊ အမျိုး၊ ဒေသအလိုက်၊ စကား အရ မတူကွဲပြားကြပြီး လမ်းပန်း ဆက်သွယ်ရေးလည်း ခက်ခဲပေသည်။ လူမျိုးတစ်မျိုးထဲတွင် မျိုးနွယ်စုအလိုက် ဒေသ တစ်ခုနှင့် တစ်ခု၊ တစ်ရွာနှင့်တစ်ရွာ တိုက်ခိုက်ကြပြီး အခြားလူမျိုးများနှင့်လည်း တိုက်ခိုက်ခဲ့ကြသည်။ တစ်ဦးတည်း တစ်မျိုးတည်းက အပြတ်အနိုင်ရ ရှိ၍ အားလုံး အုပ်ချုပ်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။ မြေပြန့်ဒေသပဒေသရာဇ်မင်းများကဲ့သို့ကြီး ကျယ်သော စစ်ပွဲများ မရှိသလောက်ဖြစ်ခဲ့သည်။ တစ်ခါတစ်ရံ မြေပြန့်ဒေသပဒေသရာဇ်မင်း များက တိုက်ခိုက်လာသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ထောက်ပို့ရန် ခက်ခဲမှု၊ ရာသီဥတုကြမ်းတမ်းမှု၊ ဒေသအတွင်း စားနပ်ရိက္ခာရှားပါးမှု၊ တောင်ပေါ် သားများနယ်မြေကျွမ်းကျင်ပြီး တိုက်ရည်ခိုက်ရည်ရှိမှု စသည့်တို့ကြောင့် မသိမ်း ပိုက်နိုင်ခဲ့ကြဘဲ ဆုတ်ခွာသည်ကများပေသည်။ ကိုယ့်မင်းကိုယ့်ချင်း၊ ငါတလူ ငါတမင်း အုပ်ချုပ်နေကြသည့် ဒေသဖြစ်၍ ကိုယ်အုပ်ချုပ်သောဒေသ၊ ကိုယ့်မင်းသာ လျှင်အပြည့်စုံဆုံး၊ အကောင်းဆုံး ဖြစ်သည်ဟူသော သဘောထားရှိကြသဖြင့် ကိုယ့် လူမျိုးတစ်ခုလုံးအတွက် အကျိုးကို မတွေးတော နိုင်သည့်အခြေအနေတွင် အခြား လူမျိုးများနှင့် ပူးပေါင်းရန် အတွေးအခေါ်သည် ၄င်းတို့အတွက်၄င်းတို့ကို ဖိနှိပ် တော့မည်ဟု ထင်မြင်စေခဲ့ဟန်တူသည်။ အလုပ်တောင်မစကြသေးခင် မသင်္ကာစိတ် ထားက ပြည့်နှက်နေသည့် အနေအထားမျိုး ဖြစ်ရသည်။ ပူးပေါင်းကြပြန် လျှင်လည်း ကိုယ့်အမျိုးကိုယ့်ဒေသအတွက်ကိုသာ အကျိုးခံစား လိုကြပေသည်။ မိမိလူမျိုး အကျိုးယုတ်မည့်အခြေနေတွင်လည်း သီးခြားသီးသန့်နေလိုကြသည့် ကျဉ်းမြောင်း သောအမျိုးသားရေးဝါဒ ဖြစ်ပေါ်စေခဲ့သည်။

လွတ်လပ်ရေးအကြိုကာလတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်၄င်းဦးဆောင်သော ဖဆပလသည် အခြား တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသောသဘောထားကို

၁၉၄၅–ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် ရွှေတိဂုံစေတီ အလယ်ပစ္စယံ၌ ကျင်းပသည့် တနိုင်ငံလုံးဆိုင်ရာ ဖဆပလညီလာခံကြီးတွင် အဆိုအမှတ် (၆) ၌ " လွတ်လပ်သော မြန်မာပြည်သစ်ကို တည်ထောင်ရာ၌ တိုင်းရင်းသားလူနည်းစု၊ လူမျိုးစု အားလုံးသဘောတူတဲ့နည်းနှင့် လွတ်လပ်စွာတည်ထောင်ရန် ကျနော်တို့က သဘောတူကြောင်း ကတိပေးပါသည်။ မည်သည့်တိုင်းရင်းသားလူနည်းစုကိုမဆို မိမိတို့ကြမ္မာကို မိမိတို့ဖာသာ ဖန်တီးခွင့်ပေးပါမည်။ ကျနော်တို့နှင့် ခွဲလိုတဲ့အခါမှာ ခွဲခွင့်ရှိကြောင်း ကတိပြုပါသည်။ လူမှန်လျှင် အခွင့်အရေးတူရှိရမည်။ မြန်မာတို့က အပေါ်၌ လူနည်းစုကို အုပ်ချုပ်လိမ့်မည်ဟု သံသယရှိဖွယ်မဟုတ်တော့ပါ" ဟု ဖော်ပြထားသည်။ ဤအဆိုအရ ဗိုလ်ချုပ်သည် ဗမာမဟုတ်သော အခြားတိုင်းရင်းသားများအပေါ် အသိအမှတ်ပြုကြောင်း၊ တန်းတူမှုရှိမည်ဖြစ်ကြောင်း၊ အခွင့်အရေးတူညီမည်ဖြစ်ကြောင်း၊ လူမျိုးတိုင်းမွေးရာပါအခွင့်အရေးဖြစ်သော ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကိုလည်း အသိအမှတ်ပြုကြောင်း၊ ဗမာလူမျိုးစုက လူနည်းစုကို အုပ်ချုပ်လိမ့်မည်မဟုတ်ကြောင်း စသဖြင့် လူမျိုးကြီးဝါဒ လုံးဝကျင့်သုံး မည်မဟုတ်ဟု ကတိပေးထားသည်ကို တွေ့ရသည်။

တစ်ဖက်တွင် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားပြီးနောက် ဦးနုကဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တလအတွင်းရေးဆွဲရန်တာဝန်ပေးအပ်ခြင်းခံရသော ဥပဒေပညာရှင် ဦးချန်ထွန်းက " ဗိုလ်ချုပ်အောင်ဆန်းချပေးထားသည့် မူအတိုင်းဆိုလျှင် လူအင်အားအများကြီး သုံးရမည်ဖြစ်ကြောင်း၊ ငွေကြေးအကုန်အကျများမည် ဖြစ်ကြောင်း၊ ယခုစစ်ပြီးစကာလမှာ တိုင်းပြည်ဆင်းရဲနေသေးကြောင်း၊ အခန်း (၁၀) တွင် ခွဲထွက်ခွင့်ပြဌာန်းပါရှိပြီး၊ အခန်း(၁၁)တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပြင်ဆင်နိုင်သည်ဟု ပြဌာန်းပါရှိကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အတည်ပြုလက်စွဲမရှိလျှင် လွတ်လပ်ရေးမရရှိနိုင်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုရန်လိုအပ်ကြောင်း" ပြောကြားခဲ့သည်။ သူ၏ ပြောပြ ချက်အရ ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားလူနည်းစုအပေါ် ထားရှိသော မှန်ကန်သော အမျိုးသားရေးအမြင်အရ ချမှတ်ပေးသောမူကို သွေဖီပြီး မှားယွင်း သောအမျိုးသားရေးအမြင် (လူမျိုးကြီးဝါဒ) ကို ကိုင်စွဲ၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ရေးသားခြင်းဖြစ်ကြောင်း သုံးသပ်ရပေသည်။ နိုင်ငံရေးနှင့် လူမျိုးရေးအရ တန်းတူအခွင့်အရေးရှိမှုဆိုသည့် အဓိကလူမျိုးရေးအရ အသိအမှတ်ပြုမှုကို ဥပဒေ ပညာရှင်ကြီးက ချန်လှပ်ထားပြီး တိုင်းပြည်ဆင်းရဲမှု၊ ငွေရေးကြေးရေး၊ လူအင်အား၊ လွတ်လပ်ရေး အလျင်အမြန်ရရှိမှု စသည့်အချက်များနှင့် ခြောက်လှန့်ပြီး လူမျိုးကြီး ဝါဒဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မရမက အတည်ပြုရန် ပညာသားပါပါ လုပ်ဆောင်ခဲ့ကြောင်း သုံးသပ်ရပေသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၆၂– ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် အတိုက်အခံပါတီ တည်မြဲ (ဖဆပလ) အဖွဲ့ချုပ်ဥက္ကဌကြီး ဦးဘဆွေနှင့် ပမညတဥက္ကဌ သခင်ချစ်မောင်တို့က ဦးချန်ထွန်းနှင့် ဦးမြင့်သိန်းတို့ရေးဆွဲခဲ့သော ၁၉၄၇–ခုနှစ် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဗမာပြည်နယ်ဖွဲ့စည်းသတ်မှတ်ခြင်းမရှိဘဲ ပြည်ထောင်စု၏ အာဏာအားလုံးကို မြန်မာပြည်မကသာ ကြိုးကိုင်သုံးစွဲခွင့်ပြုထားသည့် ကိစ္စကို ပြောင်ပြောင်တင်းတင်း ထောက်ခံခဲ့ကြသည်။ ဗမာလူမျိုးများက အခြား တိုင်းရင်းသားလူမျိုးများကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကြိုက်သလို အုပ်ချုပ်နေကြသည့် လူမျိုးကြီးဝါဒကိုကျင့်သုံးရန် ထောက်ခံကြခြင်းပင်ဖြစ်တော့သည်။

လူမျိုးကြီးဝါဒအရ ရေးဆွဲပြဌာန်းထားသော ၁၉၄၇–ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများက ပြင်ဆင်ရန်တင်ပြကြသည့် အဓိကအချက်များမှာ–

(၁) ပြည်မကို ပြည်နယ်တစ်ခု ဖွဲ့စည်းရေး

(၂) လွှတ်တော်နှစ်ရပ် အာဏာအတူပေးရေး

(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်းပြည်နယ်တိုင်း တူညီသော ကိုယ်စားလှယ်ပေးရေး

(၄) ပြည်နယ်များက မိမိဆန္ဒအလျောက် လွှဲအပ်သောအာဏာများကို ပြည်ထောင်စုဗဟိုအစိုးရသို့ ကန့်သတ် ပေး၍ ကျန်အာဏာများကို ပြည်နယ်များတွင် ထားရှိရေးစသည်တို့ပင် ဖြစ်ပါသည်။

ဤတွင် ဗမာလူမျိုးကြီးဝါဒီတို့က ဗမာပြည်နယ်တစ်ခုပေါ်ပေါက်ပြီး အခြား လူမျိုးများ၏ ပြည်နယ်နှင့် တန်းတူဖြစ်လာမည်ကို မလိုလားကြပေ။ ဗမာကများသည်၊ နယ်မြေကြီးသည်၊ အဖက်ဖက်တိုးတက်သည်၊ အဖက်ဖက်သာသည်၊ မွန်မြတ်သည်၊ အခြားလူမျိုးများကို အုပ်ချုပ်ရမည်၊ လက်အောက်ခံထားရမည်၊ အာဏာအကုန်ယူမည် ဆိုသည်နှင့် အတူတူပင်ဖြစ်သည်။ လွှတ်တော်နှစ်ရပ်ကို အာဏာဆတူ မပေးချင်ကြပေ။ လူမျိုးစု လွှတ်တော်တွင်လည်း တူညီသော ကိုယ်စားလှယ် မထားချင်ကြပေ။ အကြောင်းမှာ ဗမာလူမျိုးက အမြဲတမ်းအခြားလူမျိုးကို လွှမ်းမိုး ချုပ်ကိုင်နေလိုပြီး နိုင်ငံရေးနှင့် လူမျိုးရေးအရ အခြားလူမျိုးများနှင့် တန်းတူမှုကို မလိုလားကြသည့်သဘောပင် ဖြစ်သည်။ ပြည်နယ်များတွင် ကိုယ်ပိုင် ပြဌာန်းခွင့် အာဏာအပြည့်အဝပေးရေးကိုလည်း မလက်ခံကြပေ။ အဘယ် ကြောင့်ဆိုသော် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အသိအမှတ်မပြုကြသောကြောင့် ဖြစ်သည်။ ဤသည်တို့သည် ဗမာလူမျိုးကြီးဝါဒပင် မဟုတ်ပါလော။

၂၀၀၈–ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် တောင်တန်းဒေသ တိုင်းရင်းသားလူမျိုးများနေထိုင်ရာ နေရာကို (၇) ပြည်နယ်သတ်မှတ်ပြီး ဗမာလူမျိုးများ အများဆုံးနေထိုင်ရာ နယ်မြေကို (၇) တိုင်းအဖြစ် သတ် မှတ်ခဲ့ကြသည်။ ဤသို့ ပြည်ထောင်စုဖွဲ့စည်းမှုကိုက ဗမာနယ်မြေကို "တိုင်း" ဟု တစ်မျိုး၊ တိုင်းရင်းသား များနယ်မြေကို "ပြည်နယ်" ဟု တစ်ဖုံ၊ အဆင့်ခွဲခြားထားသည်ကို တွေ့ရသည်။ ဤကဲ့သို့ မခွဲခြားထားဘဲ အားလုံးကို တိုင်း (သို့မဟုတ်) ပြည်နယ်ဟု အဆင့်တူ၊ အခွင့်တူ၊ ရပိုင်ခွင့်တူ သတ်မှတ်ဖွဲ့စည်းသင့်သည်။ ၎င်းအပြင် ဗမာပြည်နယ်ဟု တစ်ခု သတ်မှတ်သင့်သည်။ ယုတ်စွအဆုံး ဗမာပြည်နယ် (၃) ခုလောက်သာ သတ်မှတ် ဖွဲ့စည်းသင့်သည်။ ဗမာအမည်အစား ဒေသအမည် (မန္တလေး၊ စစ်ကိုင်း) ကို အခြေခံ ဖွဲ့စည်းလျှင်လည်း အများဆုံး (၃) ပြည်နယ်လောက်သာ သတ်မှတ်ဖွဲ့စည်းသင့်သည်။ ယခုတွင်မူ အခွင့်အရေးတွင် ချင်းကတစ်ဆ၊ ဗမာခုနှစ်ဆ အနေအထား မျိုး ဖြစ်နေပါသည်။

သမ္မတရွေးချယ်တင်မြောက်ရာတွင်လည်း တပ်မတော်အစုအဖွဲ့၊ ပြည်သူ့လွှတ်တော်အစုအဖွဲ့နှင့် တိုင်း (၇) တိုင်း၊ ပြည်နယ် (၇) ပြည်နယ်မှ အမျိုးသား လွှတ်တော်အစုအဖွဲ့ အသီးသီးတို့မှ ကိုယ်စားလှယ်များက သမ္မတကိုရွေးချယ်ရန် ဟု ဖော်ပြထားသဖြင့် ဗမာမဟုတ်သော တိုင်းရင်းသားများ၏ စုစုပေါင်းကိုယ်စား လှယ်မဲအရေအတွက်သည် (၆)ပုံ (၁) ပုံတောင် မပြည့်တော့သဖြင့် ဗမာမဟုတ်သော အခြားတိုင်းရင်းသားလူမျိုးများ အတွက် သမ္မတဖြစ်ရန် အလွန်ပင် အခွင့်အရေးနည်းလှသည်။ ဗမာလူမျိုးကြီးဝါဒီတို့က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ " ဗမာလူမျိုးသာလျှင် သမ္မတဖြစ်ရေး " ကို အကောင်ထည်ဖော်ရန် ပြဌာန်းထားခြင်းပင် ဖြစ်သည်။

ယခုအခါ သမ္မတဦးသိန်းစိန်က ထာဝရငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးကြရန် ဖိတ်ခေါ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရအကြား ငြိမ်းချမ်းရေးသဘောတူညီချက်များ ရရှိခဲ့ပြီးလည်း ဖြစ် သည်။ နိုင်ငံရေးအကြောင်း ဆွေးနွေးနေကြသလို ဆွေးနွေးနေကြဦးမည်လည်း ဖြစ်သည်။ နောက်ဆုံးဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်လာကြမည် ဖြစ်သည်။ ထိုအချိန်တွင် လူမျိုးကြီးဝါဒကို လူများစု ဗမာလူမျိုးများက ကျင့်သုံးဦးမည်လော (သို့မဟုတ်) လူနည်းစု အခြားတိုင်းရင်းသားများက ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒကို လက်ကိုင်ကြဦးမည်လော၊ ဗမာလူမျိုးများအကြားတွင် လူမျိုးကြီးဝါဒ ပိုမိုအားသာလာသဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ဗမာလူမျိုးများနေထိုင်ရာ နယ်မြေကို ဗမာပြည်နယ်/ဒေသပြည်နယ် တစ်ခုသတ်မှတ်ရေး (သို့မဟုတ်) သင့်လျော်သော

ဗမာပြည်နယ်များသတ်မှတ်ရေး/ သင့်လျော်သောဒေသ ပြည်နယ်များ သတ်မှတ်ရေး၊ သတ်မှတ်လာသော ပြည်နယ်များအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရရှိစေပြီး လုပ်ပိုင်ခွင့်အာဏာတန်းတူပေးရေးကို မလိုလားမဖွဲ့စည်းလိုဘဲ တင်းခံနေကြဦးမည်လော။ ဗမာမဟုတ်သော အခြားတိုင်းရင်းသား လူမျိုးများထဲတွင် ကျဉ်းမြောင်းသောလူမျိုးရေးဝါဒီများ ပိုမိုအားသာလာသဖြင့် ကိုယ့် လူမျိုး အခြေအနေ၊ အခြားတိုင်းရင်းသားလူမျိုးများ အခြေအနေ၊ တိုင်းပြည်အခြေအနေကို လစ်လျူရှုပြီး သီးသန့်လွတ်လပ်သော နိုင်ငံထူထောင်ရေး (သို့မဟုတ်) အိမ်နီးချင်း နိုင်ငံများနှင့် ပူးပေါင်းရေး (သို့မဟုတ်) မယုံသင်္ကာမှုကို အကြောင်းပြုပြီး ပြည်ထောင်စုမှခွဲထွက်ရေး ပြည်ထောင်စုတွင် ပူးပေါင်းဖွဲ့စည်းသော်လည်း မိမိလူမျိုးပြည် နယ်ကသာ အာဏာနှင့် အခွင့်အရေးအကျိုးအမြတ်ရယူလိုသော ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒကို ကျင့်သုံးပြီး တရားသေတောင်းဆိုနေကြဦးမည်လော။ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများအကြား လူမျိုးများနှင့် အာဏာပိုင်များအကြား ဤဝါဒနှစ်ခုကို ရှောင်ရှားကြပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေ ထိုင်ရေးဝါဒကို လက်ကိုင်ပြု၍ ပြည်ထောင်စုစစ်စစ်ကို ဖွဲ့စည်းတည်ဆောက်နိုင်ပါက တိုင်းရင်းသားလူမျိုးများပြည်သူအားလုံးအကျိုး ကျေးဇူးများစွာ ခံစားကြမည်ဖြစ်ပြီး လူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒတို့ကိုလည်း မယုတ်မလွန် ထိန်းသိမ်းထားနိုင်မည်ဟု ထင်မြင်ယူဆမိပါသည်။

## အဓိပတိကောင်စီ (Supreme Council)၏ စည်းရုံးရေးခရီးစဉ်

ချင်းအမျိုးသားတပ်ဦး၏ အဓိပတိကောင်စီဥက္ကဋ္ဌ ဒေါက်တာဇလေ့ထန်းသည် ၂၀၁၂–ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်လများတွင် နော်ဝေ၊ ဒိန်းမတ်၊ ဂျာမနီ၊ နိုင်ငံများသို့ သွားရောက်ပြီး ချင်းအမျိုးသားများနှင့်တွေ့ဆုံကာအမျိုးသားတော်လှန်ရေး အကြောင်းများကို ရှင်းလင်းခဲ့သည်။

ချင်းအမျိုးသားတပ်ဦး၏ ၂၀၁၂–ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဗဟိုအလုပ်အမှုဆောင်၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဥက္ကဋ္ဌကြီး ဒေါက်တာဇလေ့ထန်းနှင့် အဓိပတိကောင်စီဝင် ပူးထန်း နိန်းကီးတို့သည် နိုင်ငံတကာရောက် ချင်းပြည်သူအား မြန်မာ အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား ဒုတိယအကြိမ်တွေ့ဆုံရေး ကိစ္စနှင့်ပါတ်သက်၍ ရှင်းလင်းရန် အလို့ငှါ ခရီးစဉ်ကို စတင်ခဲ့ကြသည်။

ဇွန်လ (၂၁)ရက်နေ့တွင် ကနေဒါနိုင်ငံ၊ အော်တဗါနှင့် (calgary) မြို့များရှိ ချင်းပြည်သူများ၊ ဒေသပါတီကော်မတီများနှင့် တွေ့ဆုံပြီး ဒုတိယအကြိမ် ငြိမ်းချမ်းရေးတွေ့ဆုံပွဲကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့သည်။ ဇွန် (၂၂) တွင် ကနေဒါနိုင်ငံရှိ ဖလမ်းညီအစ်ကိုများနှင့်ဆွေးနွေးမှုပြုလုပ်ခဲ့ကြသည်။ ဒေသကော်မတီတည်ခင်းသော ညစာအတူတကွ သုံးဆောင်ကြသည်။
ဇွန်လ (၂၃) တွင် ကနေဒါ ဒေသကော်မတီရုံးတွင် ဥက္ကဋ္ဌကြီးမှ ချင်းအမျိုးသားတော်လှန်ရေးအကြောင်းကို ဆွေးနွေးခဲ့ပြီး ပူးထန်းနိန်းကီးမှ ဒုတိယ အကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲအကြောင်းကို အသေးစိတ်ရှင်းပြခဲ့သည်။ ယင်းနေ့တွင်ပင် ဥက္ကဋ္ဌကြီးက (Chin Baptist Church) တွင် တရားဒေသနာဝေငှပြီး ပူးထန်းနိန်းကီးမှ (Chin Christian Church) တွင် တရားဒေသနာဝေငှ သက်သေခံခဲ့သည်။

ဇွန်(၂၅)တွင် (Vancouver) သို့ရောက်ရှိခဲ့သည်။ ဇွန် (၂၆) ရက်နေ့တွင် ဆလိုင်းတင်မောင်ဦး အောက်မေ့ဖွယ် အခမ်းအနားပွဲတွင် ကွယ်လွန်သူ၏ မိဘညီအစ်ကိုမောင် နှမများနှင့်အတူပါဝင်ခဲ့ကြသည်။ ဇွန်(၂၈)ရက်နေ့ လူထုအစည်းအဝေးတွင် ဒေါက်တာအင်ဒရူးငွန်ကျုံးလျန် အပါအဝင် (Vancouver) လူထုတွေ့ဆုံပွဲပြုလုပ်ခဲ့သည်။ ဇူလိုင်လ (၂၉)– မင်းတပ်–မတူပီဖက်မှ ညီအစ်ကိုများနှင့် တွေ့ဆုံခွင့်ရခဲ့သည်။

ဇူလိုင် (၁)ရက်နေ့တွင် (Van City) မှ Vancouver ဖက်သို့ ခရီး ဆက်ခဲ့သည်။ ဇူလိုင်လ (၁) ရက်နေ့တွင် (Calgary) သို့ရောက်ရှိပြီး အိမ်တိုင်ယာရောက် ချင်းပြည်သူများ နှင့်တွေ့ ဆုံမှုပြု လုပ်ခဲ့ကြသည်။ ဇူလိုင် (၇)ရက်နေ့တွင် Calgary ရှိ ချင်းပြည်သူများမှ ဥက္ကဋ္ဌကြီး၏ ဦးဆောင်မှုဖြင့် ချင်းလဲန်းကလပ်အသစ်ကို ဖွဲ့စည်းနိုင်ခဲ့သည်။ဇူလိုင်လ (၈)ရက် နေ့တွင် (Chin Christian Fellowship) တွင် တရားဒေသနာဝေငှခဲ့ပါသည်။ ဤသို့ ချင်းပြည်သူများနှင့် တွေ့ဆုံစဉ် ချင်းအမျိုးသားများမှ အကြံပေးသော အကြံ ကောင်းဉာဏ်ကောင်းများကိုလည်း ရရှိခဲ့သည်။

## သြစတေးလျနိုင်ငံ West Melbourne ချင်းလဲန်းကလပ် အစည်းအဝေး

သြစတေးလျနိုင်ငံ West Melbourne ၂၀၁၂–၂၀၁၄ ခုနှစ်အတွင်း ချင်းလဲန်းကလပ်ဦးဆောင်သူများအတွက် ကျေးဇူးတော်ချီးမွမ်းပွဲနှင့် ဆုတောင်းပွဲအစီအစဉ်ကို ဇွန်လ (၃၀)တွင် ပြုလုပ်နိုင်ခဲ့သည်။ ယင်းအခမ်းအနားတွင် ချင်းအမျိုးသားတပ်ဦး၊ ဗဟိုအလုပ် အမှုဆောင်ကော်မတီဝင် ပူးခွါအုပ်လျန် တက်ရောက်ခဲ့သည်။ ထို အစည်းအဝေးတွင် ပူးခွါအုပ်လျန်ကတပ်ဦးက လုပ်ရှားမှုများနှင့် ရှေ့ဆက် လုပ်ရန်များစွာရှိသေးကြောင်း ရှင်းပြခဲ့သည်။ ပူးခွါအုပ်လျန်က ချင်းလဲန်းကလပ်ဝင်များအား အမျိုးနှင့် တိုင်းပြည် အတွက် တတ်နိုင်သလောက်အင်တိုက်အားတိုက်ပါဝင်ခြင်းများအတွက် ကျေးဇူးတင်ကြောင်း၊ အနာဂါတ်တွင်လည်း ဆက်လက်ပြီးပါဝင်စေလို ကြောင်းပြောကြားခဲ့သည်။ ယင်းဆုတောင်းပွဲကို (CBC) အသင်းတော်မှ ကမကထပြုလုပ်ပြီး အသင်းတော်အသီးသီးမှ သင်းအုပ်ဆရာများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ အသင်းတော်လူငယ်အဖွဲ့များ၊ အသင်းတော်လူကြီးများ တက်ရောက်ကြသည်။

## အမျိုးသမီးများအဖွဲ့ချုပ်ချင်းလဲန်း
## Women League of Chinland- WLC
## ၏အစည်းအဝေး ကျင်းပပြီးစီး

(Women League of Chinland) အမျိုးသမီးများအဖွဲ့ချုပ်ချင်းလဲန်း၏ အစည်းအဝေးကို အိန္ဒိယ–မြန်မာ နယ်စပ်ရှိ (WLC) ရုံး၌ ၅–၆–၂၀၁၂ နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ယင်းအစည်းအဝေးတွင် ချင်းအမျိုးသမီးအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်ပေါင်း (၁၈)ဦး တက်ရောက်ခဲ့ကြသည်။ ချင်းအမျိုးသားတပ်ဦး၊ စစ်ရေးရာကော်မတီမှ ဗိုလ်မှူးကြီးဆော်လမွန်နှင့် သတင်းနှင့်ပြန်ကြားရေးဌါန တာဝန်ခံ ပူးငိုင်းကြားထန်းလည်း တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ချင်းအမျိုးသားတပ်ဦး၏ အဓိပတိကောင်စီ (Supreme Council) တွင် လစ်လပ်နေသည့် အမျိုးသမီးနေရာ၌ ကိုယ်စားလှယ်စေလွှတ်ရေးနှင့် အမျိုးသမီး၏ အခန်းကဏ္ဍမှ ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးဆုံးဖြတ်ချက် အဖြစ် ပီးဗိုဆန်းပွီးအီးကို (WLC)၏ ကိုယ်စားလှယ် အဖြစ် အဓိပတိကောင်စီတွင် တက်ရောက်ရန် တညီတညွတ်သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ အမျိုးသမီးများအဖွဲ့ချုပ်ချင်းလဲန်း (WLC)ကို (ABDLW) လူရှိုင်းအမျိုးအမီးအဖွဲ့၊ (LWDA)လိုင်အမျိုးသမီးအဖွဲ့၊ (CWU & CCWO) ချင်းအမျိုးသမီးအဖွဲ့၊ (ZWU)ဇိုမီးအမျိုးသမီးအဖွဲ့၊ (MWO)မတူအမျိုးသမီးအဖွဲ့၊ (MWA)မရာအမျိုးသမီးအဖွဲ့၊ (KWAO)ခူမီးအမျိုးသမီးအဖွဲ့ နှင့် ဇိုးသုန် အမျိုးသမီးအဖွဲ့များဖြင့် စုပေါင်းဖွဲ့စည်းထားသည့် အဖွဲ့ချုပ်ဖြစ်သည်။ (WLC)ကို အန္ဒိယ–မြန်မာနယ်စပ်တွင် (၂၀၀၆) ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ယင်း၏ ရည် ရွယ်ချက်များမှာ– အမျိုးသမီးများနိုင်ငံရေး၊ လူမှုရေးကဏ္ဍတွင် စွမ်းဆောင်ပါဝင်မှု မြှင့်တင်ရေး၊ စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင်ရန်၊ ချင်းလူမျိုးများ၏ လူနေမှုအဆင့်အတန်းနှင့်စွမ်းရည်မြှင့်တင်ရေး၊ ချင်းလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းထိန်းသိမ်းမြှင့်တင်ရေး တို့ဖြစ်သည်။



## Eastern Melbourne ရှိ ချင်းလဲန်းကလပ်
## ရွေးကောက်ပွဲကျင်းပပြီးစီး

Eastern Melbourne ရှိ ချင်းလဲန်းကလ်၏ ၂၀၁၂–၂၀၁၆ ဦးဆောင်သူများအတွက် ရွေးကောက်ပွဲကို ဒေသပါတီဗဟို အလုပ်အမှုဆောင် ကော်မတီဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ (Eastern Melbourne)ရှိ အသင်းတော်(၅)ပါးမှ အသင်းတော်လူကြီးများနှင့် သင်းအုပ်ဆရာများ တက်ရောက်ကြပြီး ဆုတောင်းပွဲပြုလုပ်ကြသည်။ ယင်းအစည်းအဝေးကိုတွင် (Pu Caw Uk)၏ နေအိမ်၌ ၂၉–၀၇–၂၀၁၂ နေ့ရက် ညနေ ၄ နာရီမှ ၆ နာရီအထိ ပြုလုပ်ခဲ့သည်။ အစည်းအဝေးကို (VCBC) အသင်းတော်မှ သင်းအုပ်ဆရာ (Rev. Jephet Lian) က ဦးဆောင်ခဲ့သည်။ ချင်းငြိမ်းချမ်းရေးအကျိုးဆောင်နှင့် (Shalom Foundation)ကို တည်ထောင်သူ ဆရာမ(Chin Chin)လည်း တက်ရောက်ခဲ့ပါသည်။ ၂၀၁၂–၂၀၁၆ ခုနှစ် အထိ ချင်းလဲန်းကလပ်ကို ဦးဆောင်သူဥက္ကဌ ပူး (Caw Uk)ကိုလည်းကောင်း၊ အတွင်းရေးမှူး(Lal Lian Bawi)ကိုလည်းကောင်း၊ ဘဏ္ဍာထိန်းအဖြစ် (Thar Tin Cung)ကိုလည်းကောင်း၊ အသီးအသီးရွေးကောင်တင်မြှောက်ကြသည်။ အဆိုပါ ဦးဆောင်သူများအတွက် အထူးဆုတောင်းခြင်းကိုလည်း ပြုလုပ်ကြသည်။ အစီအစဉ်ပြီးဆုံးသည့်နောက်တွင် ညနေစာကို အတူတကွ လက်ဆုံနွဲခဲ့ကြသည်။



သင့်ကို ချင်းလဲန်းမှ အလိုရှိသည်

# သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးတာဝန်

ပူးထန်းနိန်ကီး (ကနေဒါ)

အရာခပ်သိမ်းကို ဖန်ဆင်းအုပ်စိုးတော်မူသောဘုရားသခင်သည် လူသားတို့အား ကိုယ်တော်၏အလိုတော် နှင့် အညီဖန်ဆင်း သမျှအားစောင့်ရှောက်ထိမ်းသိမ်းရန် အကြံတော်ရှိကြောင်း၊ကမ္ဘာဦးကျမ်း ၂–၁၅ တွင် ထာဝရအရှင်ဘုရားသည် လူကိုယူ၍ ဒေင်ဥယာဉ် ကို ပြုစုစောင့်ရှောက်စေခြင်းငှါထားတော်မူ၏ ထို့အပြင် ကမ္ဘာဦးကျမ်း ၁–၂၈ တွင်လူမိသားစုသည် ဒေင်ဥယာဉ်ကိုပြု စုစောင့် ရှောက်ဖို့သာမဟုတ်ဘဲ ကမ္ဘာမြေတခုလုံးပရိဒိသုဘုံဖြစ်လာသည် အထိ တိုးချဲ့သွားဖို့ တာဝန်ပေးအပ်ကြောင်းတွေ့ကြရသည်။

ကျွန်ုပ်ကိုယ်တိုင်၏ အသက်တာကိုထာဝရဘုရားရှင် အသုံးပြု၍ တည်ထောင်ခဲ့သောမွေးဇာတိမြေ၏ ရိုးဖောင်နှစ်ခြင်းအသင်းတော်၌ ခရစ်သက္ကရာဇ် ၂၀၀၆–ခုနှစ် မတ်လ ၂ ရက်နေ့ မှ ၅ ရက်နေ့အထိကျင်းပခဲ့သော “ မင်းတပ် မြို့နယ် နှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့၏ (၁၄) ကြိမ်မြောက် အုပ်ချုပ်စီမံအစည်းအဝေးကြီးနှင့် စတုတ္ထအကြိမ် လူငယ်ညီလာခံ၏ “ လူငယ်နှင့် ပတ်ဝန်းကျင်ထိမ်းသိမ်းရေး” သင်တန်းကိုအဆင့်မှီစွာ ဇိုမီးခရစ်ယာန်အသင်းချုပ် လူငယ်ဒါရိုက်တာဆရာတော် ကိုင်ခန့်လျန် (Khai Khan Lian) ပို့ချမှုအား DVD ခွေမှတဆင့် ကြည့်ရှုနားထောင်ရ၍ တရားနာကြသောမင်းတပ်မြို့နယ် နှစ်ခြင်းခရစ်ယာန် နယ်အဖွဲ့မှ ယုံကြည်သူများနှင့် ခရစ်ယာန်လူငယ်များလက်တွေ့ကျကျ အသုံးချနိုင်ကြလျှင်မည်မျှအကျိုးဖြစ်ထွန်းမည်ကိုတွေးတောရင်းဖန်ဆင်းရှင်အား မြတ်စွာဘုရားသခင်၏ ဂုဏ်တော်ကိုချီးမွမ်းမိပါသည်။

ဝေနေယျသတ္တဝါအပေါင်းတို့ ဆာလောင်မွတ်သိပ်ခြင်း၊ ရောဂါထူပြောခြင်း၊ ချစ်ခြင်းမေတ္တာခေါင်းပါးခြင်း အန္တရာယ်မှ လွတ်မြောက်ရေး အတွက်အဓိက အရင်းအမြစ်ကြီးမှာ ကမ္ဘာမြေကြီးတပြင်လုံး နှင့်သစ်တောသဘာဝ ပတ်ဝန်းကျင် များစိမ်းလန်းစိုပြေဖွံ့ဖြိုးရေး ပင်ဖြစ်သည်။၄င်းကမ္ဘာမြေကြီး နှင့်သစ်တော ပတ်ဝန်းကျင်များစိမ်းလန်းစိုပြေနိုင်ရေးအတွက် ဘုရားသခင်၏ပုံသဏ္ဍာန်နှင့် အညီ ဖန်ဆင်း၍အသိပညာနှင့် ပြည့်ဝခွင့်ပေးသောလူသားတို့၏ ထိန်းသိမ်းရေး တာဝန်ကြီးဖြစ်သလိုပို၍ပို၍တာဝန်ကြီး လေးသူများမှာကိုယ်တော်၏ အလိုကိုသိကြသော ယုံကြည်သူခရစ်ယာန်များပင်ဖြစ်သည်။

ကျွန်ုပ်တို့ ကမ္ဘာမြေကြီးနှင့်၄င်း၏ သစ်တောသဘာဝတို့သည် တနေ့ပြီးတနေ့ တနှစ်ပြီးတနှစ် ပျက်စီးနေကြောင်း အသဲယား စရာကောင်းလောက်အောင် တွေ့မြင်ရသည်။ စူးစမ်းရှာဖွေသူမာရီဗဲသားလူးဝစ္စနှင့် ဝီလျံကလာ့စ်တို့သည် ယခု အမေရိကန် ပြည်ထောင်စုဝါရှင်တန်ပြည်နယ်တွင် ရှိသည့် ကိုလံဘီယာမြစ်သို့ ၁၈၁၅–ခုနှစ်က ရောက်လာခဲ့ကြသည်။ ထိုမြစ်ထက် သူတို့၏ အာရုံကိုဖမ်းစားထားသည့်အရာမှာ မြစ်ထဲမှ ဖွေးဖွေးလှုပ်နေသောဆာမန်ငါးများဖြစ်သည်။ သူတို့ဤသို့ပြောခဲ့ကြသည်။ “ ငါးတွေပေါချက်ကတော့ မယုံနိုင် စရာဘဲအဲဒီငါးတွေဟာရေစီးကြောင်းနှင့်အတူမျောနေပြီးကမ်းပေါ်တင် သွားတယ်။ အင်ဒီးယန်းလူမျိုးတွေကငါးတွေကိုကောက် ဗိုက်ခွဲပြီးကျပ်ခိုးပေါ်တင်၊အခြောက်ခံကြတယ်” ဟုသူတို့နေ့စဉ်မှတ်တမ်းတွင် ရေးသားခဲ့သည်။ ဆာမန်ငါးများပေါလွန်း၍ အင်ဒီးယန်းလူမျိုးတို့သည် ထိုငါးများကိုထင်းအဖြစ် အသုံးပြုရန် အခြောက်ခံကြသည်ဟုဆိုသည်။

ယနေ့ အခြေအနေမှာ အတော်ကွာခြားနေသည်။ ငါးများမျိုးပွားနိုင်သည့်နှုန်းထက် သမုဒ္ဒရာမှ ဖယ်ရှားခံရသည့် နှုန်းကပိုမြန် နေကြောင်းသိပ္ပံပညာရှင်များ ကသိထားကြသည် မှာဆယ်နှစ်ကျော် ခဲ့ပြီဟု ၂၀၀၅–ခုနှစ် နယူးဝိစ် တွင် ရေးသားထားသည်။ ဥပမာ– မြောက် အတ္တလန်တိတ်တွင် ဆာမန်ကောင်ရေ ၉၀% မျိုးပြုန်းသွားပြီးဟုခန့်မှန်းကြသည်။ ငါးများသာနည်းပါးသွားခြင်းမက လောင်စာဆီ၊ သတ္တု၊ သစ်တောထွက် ပစ္စည်းစသည့် သဘာဝသယံဇာတများကိုလည်းအံ့ဖွယ်နှုန်းဖြင့် ပြုန်းတီးနေကြသည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၉၅–ခုနှစ်အတွင်းတွင် မြေကြီးသယံဇာတ၏ ၃၀% ဆုံးရှုံးသွားခဲ့ကြောင်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကမ္ဘာ့ရံပုံငွေအဖွဲ့ကဖော်ပြသည်။ မြေကြီးသယံဇာတများကို သိမ်းကျုံးယူနေခြင်းက အများအားဖြင့် ကောင်ကျိုးရောဆိုးကျိုးကိုပဲ ဖြစ်စေသည်။အကြောင်းရင်းမှာ အသုံးပြုနေသောနည်းနာများသည် သဘာဝဇာတိမြေတို့ကို ဖျက်ဆီးနိုင်သောကြောင့် ဖြစ်သည်။

ဂေဟာဗေဒခြေရာဟူသည် လူသားတို့သုံးစွဲနေသော သဘာဝသယံဇာတများနှင့် ယင်းတို့အားကမ္ဘာမြေက ပြန်လည်ဖြည့်တင်းနိုင်စွမ်းကို နှိုင်းယှဉ်သည့် လေ့လာဆန်းစစ်မှုတရပ် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကမ္ဘာ့ရံပုံငွေအရ ကမ္ဘာ့ချီဂေဟာဗေဒခြေရာက ၁၉၈၀ ပြည့်လွန်နှစ်များကတည်းမှ သုံးအားသည် ပြန်လည်ဖြည့်တင်းအားထက်သွက်နေကြောင်း ဖော်ပြထားသည်။ သို့သော် ယင်းက ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အ လွန့်အလွန် အကျပ်ရိုက်နေကြောင်း ဖော်ညွှန်းသည့် အညွှန်းတခုမျှသာ ဖြစ်သည်။

အညွှန်းနောက်တမျိုးမှာ ကမ္ဘာဂေဟာစနစ်များ၏ အခြေအနေဖြစ်သည်။ “ ဂေဟာစနစ် ” ဟူသည့်ဝေါဟာရမှာ သက်ရှိသက်မဲ့ ဒြပ်ဝတ္ထုများအပါအဝင် သဘာဝပတ်ဝန်းကျင်အတွင်းရှိ သက်ရှိအားလုံး၏ ရှုပ်ထွေးလှသော အပြန်အလှန် အကျိုးပြုမှုကို ရည်ညွှန်းသည်။ သစ်တော၊ ရေချိုနှင့် အဏ္ဏဝါမျိုးစိတ်တို့၏ အရေအတွက်များကဖော်ပြနေသော ဤဂေဟာစနစ်များ၏ ယေဘုယျအခြေအနေကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကမ္ဘာ့ရံပုံငွေအဖွဲ့က သက်ရှိဂြိုလ်အညွှန်းဟု အမည်ပေးထားသည်။ ၁၉၇၀ မှ ၂၀၀၀ ပြည့်နှစ်အတွင်း ဤအညွှန်းသည် သတ္တဝါကောင်ရေ ၃၇ %ခန့် ရုတ်တရက်ထိုးကျသွားသည်ဟု ဆိုသည်။

နှစ်စဉ်နှစ်တိုင်းကွယ်ပျောက်မှုတိုးများလာသော သစ်တောများကို ရင်နင့်စိုးရိမ်စွာ တွေ့မြင်ရသည်။ အာဖရိကတိုက်သား ၈၀ ရာခိုင်နှုန်းသည် ထင်းကိုအသုံးပြု၍ချက်ပြုတ်နေကြသည်ဟု ခန့်မှန်းထားသည်။ ထို့အပြင် တောင်အာဖရိက ဂတ်အဝေးမဂ္ဂဇင်းက “ အာဖရိကသည် ကမ္ဘာပေါ်တွင်လူဦးရေတိုးနှုန်းနှင့် မြို့ပြတိုးပွားမှုနှုန်းအမြင့်မားဆုံး” နိုင်ငံဖြစ်သည်ဟု ဖော်ပြထားသည်။ ယင်းကြောင့် ဆာဟာရကန္တာရတောင်ဖက်စွန်းပိုင်းရှိ အပြောကျယ်သောမိုးနားရပ်ဝန်းဖြစ်သည့် ဆဝဲလ်ဒေသ၏ မြို့ကြီးတချို့အနီးအနားတွင် မြို့ပတ်လည်မိုင် ၆၀ ကျော်အတွင်း သစ်ပင်များ ပြောင်တလင်းခါသွားခဲ့ပြီ ဖြစ်သည်။ ထိုသစ်ပင်များကို စိတ်ရှုးပေါက်၍ ခုတ်လဲလိုက်ခြင်း မဟုတ်ပါ။ အာဖရိကနိုင်ငံသားအများစုသည် အသက်ဆက်ရေးအတွက်မှုနှင့် မိမိတို့၏ ပတ်ဝန်းကျင်ကို ဖျက်ဆီးနေကြသည်ဟု ပါမောက္ခ ဆယ်မြူရယ်နာနာစင်ကမ်က ပြောခဲ့သည်။

တောင်အမေရိကရှိအခြေအနေမှာ ယခင်နှင့်အတော်လေး ကွာခြားသည်။ ဥပမာ– ဘရာဇီးလ်မိုးသစ် တောတွင် မှတ်ပုံတင်ထားသော သစ်ကုမဏီပေါင်း ၇၆၀၀ နီးပါးရှိသည်။ ၄င်းတို့ထဲမှများစွာကို နိုင်ငံတကာမှ ကုမဏီစုကြီးများက ပိုင်ဆိုင်ထားကြသည်။ မဟော်ဂနီသစ်တပင်သည် သစ်ထက်(Company)တခုအတွက် ဒေါ်လာ ၃၀ ခန့်တန်ဘိုးရှိသည်။ သို့ရာတွင်ပွဲစားများ၊ ကုန်သည်များနှင့် ထုတ်လုပ်သူများက မိမိတို့အတွက်အမြတ်အစွန်းရအောင် လုပ်ဆောင်ကြရာ ပရိဘောဂခန်းသို့ ရောက်သည်နှင့် ထိုသစ်ပင်မှာ ဒေါ်လာ ၁၃၀၀၀၀ တန်သွားသည်။ ယင်းကြောင့် မဟော်ဂနီ ရွှေစိမ်းဟုခေါ်ကြခြင်း ဖြစ်သည်။

ဘရားဇီးလ်သစ်တောဖျက်ဆီးခြင်းအကြောင်းများစွာ ထုတ်ပြန်ခဲ့ပြီ။ ၁၉၉၅ နှင့် ၂၀၀၀ ပြည့်နှစ်ကြားတွင် ဘရာဇီးလ်သစ်တော၏ စတုရန်းမိုင် ၇၀၀၀ ကျော်သည် နှစ်စဉ်ဖျက်ဆီးခံနေရကြောင်း ဂြိုလ်ထုဓါတ်ပုံများ က ဖော်ပြသည်။ " ရှစ်စက္ကန့်တိုင်းတွင် ဘောလုံးကွင်းအရွယ်အစားရှိ သစ်တောဧရိယာကွယ်ပျောက်နေသည် ဖြစ်ရာ ဖျက်ဆီးနှုန်းမှာ ကြောက်ခမန်းလိလိဖြစ်သည်ဟု ဘရာဇီးလ်ဗီဂျာမဂ္ဂဇင်းက ဖော်ပြသည်။ ၂၀၀၀ ပြည့်နှစ်က အမေရိကန်ပြည်ထောင်စုတခုတည်းသို့ ဘရာဇီးလ် မဟော်ဂနီ ၇၀ %ကျော်တင်သွင်းခဲ့ကြောင်း သတင်းပို့ခြင်းမှာ စိတ်ဝင်စားစရာဖြစ်သည်။

ကမ္ဘာ့အခြားနိုင်ငံများ၏ သစ်တောပြုန်းတီးမှုမှာလည်း ထိုနည်းအတိုင်းပင်။ ဥပမာ– မက္ကဆီကို နိုင်ငံရှိ သစ်တောနှင့် တောတောင်ထက်ဝက်သည် လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ပျောက်ကွယ်သွားခဲ့ပြီ။ ဖိလစ်ပိုင် သစ်တောပျောက်ကွယ်မှုမှာ ပို၍ပင်ဆိုးဝါးသည်။ ထိုနိုင်ငံတွင် သစ်တော၏စတုရန်းမိုင် စတုရန်းမိုင် ၃၈၀ ကျော်မှာ နှစ်စဉ်ကွယ်ကျောက်နေပြီး ဖိလစ်ပိုင်သစ်တော၏ သုံးပုံနှစ်ပုံနီးပါးမှာ ၁၀နှစ်အတွင်းပျက်သုဉ်းသွားမည်ဟု လွန်ခဲ့သော ၁၉၉၉–ခုနှစ်က ခန့်မှန်းကြသည်။ သစ်မာ ပင်တပင်ကြီးရင့်လာရန် နှစ်ပေါင်း ၆၀ မှ ၁၀၀ အထိ ကြာနိုင်သော်လည်း ယင်းတို့ကို မိနစ်ပိုင်းအတွင်း ခုတ်လှဲပစ်နိုင်သည်။ စိုက်အားအလျင်မမီနိုင်ခြင်းမှာ အံ့သြစရာပင် ဖြစ်ပါသည်။

သစ်တောများမရှိတော့လျှင် မြေကြီးသည်ပင်ဆိတ်သုဉ်းနေခြင်းမှတပါး လူသားတို့အား အကျိုးအမြတ် ပေးနိုင်တော့မည် မဟုတ်ချေ။ မြေပေါ်မှအပင်များကို ဖယ်ပစ်သည်နှင့် ဟင်းလင်းဖြစ်နေသောပေါ်ယံမြေဆီလွှာ မှာ မကြာမီခြောက်သွေ့သွားကာ လေ၊ ရေတို့၏ တိုက်စားခြင်းခံရသည်။

တိုက်စားခြင်းသည် သဘာဝဖြစ်ပြီး လူသားတို့၏မြေယာစီမံခန့်ခွဲမှုမည့်ဖျင်းလျှင် အများအားဖြင့် ပြသာ နာကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ ဥပမာ– သစ်တောပြုန်းတီးခြင်းနှင့် တိုက်စားလွန်းခြင်းစသည့် အကြောင်းရင်း များနှင့် အတူသဲမုန်တိုင်းများသည် ကန္တာရနယ်ပယ်ကို ပိုမိုကျယ်ပြန့်စေကြောင်း ချိုင်းနားတူအေးမဂ္ဂဇင်းတွင် ဖော်ပြထားသည်။ မကြာသေးမီနှစ်များက တရုတ်နိုင်ငံနောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် အ လွန်ခြောက်သွေ့လွန်းသောကြောင့် ဆိုက်ဖေးရီးယားလေအေးဖြတ်သန်း တိုက်ခတ်ခဲ့ရသည်။ တန်ချိန်သန်းနှင့် ချီသော သဲဝါနှင့်ဖုန်များသည် နေရာရွေ့သွားကြပြီး ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံအထိ ရောက်ရှိသွားကြသည်။ တရုတ်နိုင်ငံ၏ ကုန်းမြေစိုင် ၂၅ %နီးပါးမှာ ယခုလွင်ထီးခေါင်ဖြစ်နေသည်ဟု ဆိုသည်။

အာဖရိက၏ မြေဆီလွှာပြုန်းတီးမှုသည်လည်း ထိုနည်းအတိုင်းပင်၊ ကောက်ပဲသီးနှံစိုက်ပျိုးရန် တော ဆင်းခြင်းဖြင့် လယ်သမားများသည် ပါးလွှာသောမြေဆီလွှာများကို အဖတ်ဆယ်မရအောင် ပျက်စီးစေခဲ့ကြသည် ဟု အာဖရိကဂျိတိုဂရမ်ဖစ်တွင် ဖော်ပြထားသည်။ အချို့တစုရှင်းလင်းပြီးနောက်သုံးနှစ်အတွင်း မြေသြဇာ ၅၀ %အထိ ဆုံးရှုံးနေပြီး ဒေသတချို့ရှိစိုက်ပျိုးရေးသီးထွက်ပမာဏမှာ တနှစ်ပြီးတနှစ်ကျဆင်းလာရာမြေ ဟက်တာသန်းပေါင်းများစွာမှာလည်း ထိုအတိုင်းမြေသြဇာဆုံးရှုံးသွားတော့မည်ဟု ထိုမဂ္ဂဇင်းက ထပ်ဆင့်ဖော် ပြထားသည်။

ဘရာဇီးလ်တွင် မြေဆီတန်ချိန်သန်းပေါင်း ၅၀၀ သည် နှစ်စဉ်တိုက်စားခံနေရသည်ဟု ဆိုသည်။ မက္က ဆီကိုနိုင်ငံတွင် ချုံထနောင်းတော ၅၃ %၊တောဂနိုင် ၅၉ %၊ သစ်တော ၇၂ %တို့သည် မြေဆီလွှာတိုက်စားခံနေရကြောင်း ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများဌာနက ဖော်ပြသည်။ စုစုပေါင်း ကမ္ဘာ့ လယ်ယာစိုက်ပျိုး မြေ၏ သုံးပုံနှစ်ပုံကျော်မှာ သိသိသာသာကျဆင်းလာနေသော်လည်း ကျွေးမွေးရမည့်ပါးစပ်ပေါက်မှာမူ ဆက်လက်တိုးများလာနေသည်ဟု ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်၏ အစီရင်ခံစာတွင် စိုးရိမ်စွာဖော် ပြထားသည်။

မကြာသေးမီက သုတေသနအဖွဲ့တဖွဲ့ဖြစ်သည့် The Millenium Ecosystem Assesment (MA) ၏ အဖွဲ့ဝင်များဖြစ်သော ပညာရှင်တခုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဦးဆောင်သူများသည် ကမ္ဘာ့အဓိကဂေဟာစနစ်များကို လေးနှစ်ကြာကျယ်ကျယ်ပြန့်ပြန့်လေ့လာခဲ့ကြပြီးနောက် ၄င်းတို့၏ပထမဆုံး အစီအရင်ခံစာကို ထုတ်ပြန်လိုက်သည်။ ၄င်းတို့ချခဲ့သော ကောက်ချက်အချို့မှာ– လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း အစားအစာ၊ ရေကောင်းရေသန့်၊ သစ်၊ ချည်မျှင်နှင့် လောင်စာဆီတို့၏ လိုအပ်လာမှုက ကမ္ဘာ့ဂေဟာစနစ်များကို အကြီးအကျယ်ပြောင်းလဲစေခဲ့ပြီး ကမာမြေကြီး၏ အနာဂတ်လူမျိုးဆက်အား ဆက်လက်ထောက်ပံ့ပေးနိုင်စွမ်းကို အ နှောင့်အယှက်ပေးနေသည်။ သီးနှံပင်များကို ဝတ်မှုံကူးပေးရန်၊ သဘာဝပေါက် ပင်များအားဖြင့် လေကိုသန့်ရှင်း စေပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးရန်နှင့် သမုဒ္ဒရာများဖြင့် အဟာရဓါတ်များကို ပြန်လည်ပြုပြင်ပေးရန် ကမ္ဘာ မြေကြီး၏သဘာဝစွမ်းဆောင်နိုင်မှုသည် မနိုင်ဝန်ထမ်းနေရ၏။ ထို့အပြင် လူဂြိုလ်ကြီးပေါ်တွင် သက်ရှိမျိုးစိတ်အ များအပြား မျိုးတုန်းတော့မည် ဖြစ်သည်။

"လူတို့သည် ကမ္ဘာဂြိုလ်အား ပျက်စီးစေနေသောကြောင့် သဘာဝလောက၏ အချို့သောစနစ်များ လျှင်မြန်စွာယိုယွင်းပျက်စီးနိုင်ခြေ တိုးပွားလာနေရာ ယင်းက ရောဂါ၊ တောပြုန်းခြင်း သို့မဟုတ် ပင်လယ်များတွင် သက်မဲ့ဇုန် များကို ဖြစ်ပေါ်စေနိုင်သည်ဟု ကနေဒါနိုင်ငံမှ သတင်းစာတစောင် (Globe and Mail) က ဖော်ပြခဲ့သည်။ ထိုစာစောင်က ဤသို့ထပ်ဖော်ပြခဲ့သည်။ " သက်ရှိ သတ္တဝါအားလုံးအတွက် လေ၊ ရေနှင့် အဟာရဓါတ် များကို ပြန်လည်ပြုပြင်ပေး သည့် စိမ့်မြေများ၊ သစ်တောများ၊ အပူပိုင်းမြက်ခင်းလွင်ပြင်များ၊ မြစ်ဝကျယ်များ၊ ပင်လယ်ငါးဖမ်းစခန်းများနှင့် အခြားသက်ရှိတို့၏ နေရာများသည် ပြန်ပြုပြင်၍မရလောက်အောင် ပျက်စီးနေသည်။ လူ့ဘောင်အဖွဲ့အစည်းသည် ဂေဟာစနစ်များ ပျက်စီးနေမှုကို လျော့ပါးစေနိုင်စွမ်းရှိသော်လည်း သဘာဝ လောကအား လူသားတို့ အသုံးပြုပုံတွင် ပြောင်းလဲမှုကြီးများပြုလုပ်ရန် လိုအပ်ပေလိမ့်မည်ဟု အမ်အေ (MA) ဘုတ်အဖွဲ့၏ ဒါရိုက်တာများက သဘောတူနေကြပြီဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

## ပြည်သူ့တွေ့ဆုံပွဲကော်မတီဖွဲ့စည်းပြီး

ချင်းအမျိုးသားတပ်ဦး၏ ပြည်သူတွေ့ဆုံပွဲ People Consultation အတွက် ကော်မတီတရပ်ကို ကို ၂၀၁၂–ဇူလိုင် (၁၃) ရက်နေ့၌ ချင်းပြည်နယ်၊ မတူပီမြို့တွင် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

အဆိုပါ ကော်မတီဖွဲ့စည်းရေး အစည်းအဝေးကို မတူပီ မြို့ပေါ် Matu Baptist Church တွင်ပြု လုပ်ကြပြီး မြို့မိမြို့ဖ၊ လူငယ်ကိုယ်စားလှယ်၊ ဘာသာရေး အသင်းအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ယင်းကော်မတီကို မတူပီဒေသအတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အလားတူ မင်းတပ်–ကန်ပက်လက်ဒေသ၊ ပလက်ဝဒေသတွင်လည်းပြည်သူ့ တွေ့ဆုံပွဲကော်မတီကို ဆက်လက် ဖွဲ့စည်းမည်ဖြစ်သည်။

ယင်း ကော်မီတီတွင် ချင်းငြိမ်းချမ်းရေးအကျိုးတော်ဆောင်မှ ကိုယ်စားလှယ် ၃–ဦး အပါအဝင် မတူပီမြို့နယ်အတွင်းရှိ မတူ၊ မရာ ၊ ဒိုင် မျိုးနွယ်စုများမှ ကိုယ်စားလှယ် ၂–ဦးစီ၊ မြို့မိမြို့ဖ၊ လူငယ်အသင်းအဖွဲ့များမှ ကော်မီတီဝင်များ စုစုပေါင်း ၂၃ ဦးဖြင့် ဖွဲ့စည်းခြင်းဖြစ်သည်။

ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရ အကြား ၂၀၁၂–ခုနှစ် ဇန်နဝါရီလ (၆)ရက်နေ့ ပဏာမ ငြိမ်းချမ်းရေး သဘောတူညီချက် (၅) တွင် ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်သားများသည် ပြည်တွင်းပြည်ပချင်း ပြည်သူများနှင့် လွတ်လပ် စွာတွေ့ဆုံဆွေးနွေးခြင်းကို ပြုလုပ်ခွင့်ပြုရန် သဘောတူသည်ဟု ပါရှိသည်။ ချင်းအမျိုးသားတပ်ဦး၏ ဆက်ဆံရုံးစိုက်ရာ ထန်တလန်နှင့်တီတိန်မြို့များတွင်လည်း ဖော်ဆောင်ရေးကော်မတီများကို ဆက်လက်ဖွဲ့စည်းမည်ဖြစ်သည်။

## မီဇိုရမ်တွင် ပြည်သူ့တွေ့ဆုံပွဲကျင်းပ

ချင်းအမျိုးသားတပ်ဦးမှ ပူးပေါလ်ဆီထာနှင့် ဗိုလ်မှူးကြီးဆော်လမွန်တို့သည် ၂၀၁၂–ခုနှစ်၊ ဇူလိုင် (၁၅) ရက်နေ့ တွင် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ရောက်ချင်းပြည်သူ အယောက် (၆၀) ခန့်နှင့် တွေ့ဆုံမှုပြုလုပ်ကြသည်။ အဆိုပါတွေ့ဆုံပွဲကို အိုင်ဇောလ်မြို့ရှိ Carson Church ဘုရားကျောင်းတွင် နံနက် ၁၂း၀၀ နာရီမှ ညနေ ၄း ၃၀ ခန့်အထိပြုလုပ် ပြုလုပ်ခဲ့ကြသည်။

ယင်းတွေ့ဆုံမှုတွင် အဓိကအားဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ တွေ့ဆုံပွဲမှ သဘောတူညီ ချက်များကို ထပ်ဆင့်ရှင်းပြခဲ့သည်။

ချင်းအမျိုးသားတပ်ဦးနှင့် မြန်မာနိုင်ငံအစိုးရတို့သည် ယခုနှစ် ဇန္နဝါရီလတွင် ပြည်နယ်အစိုးရနှင့် တကြိမ်၊ မေလ အတွင်း ပြည်ထောင်စုအစိုးရနှင့်တကြိမ် ချင်းပြည်နယ်ဟားခါးမြို့တွင် တွေ့ဆုံခဲ့ကြသည်။

## ငါ့နာမည် ချင်းအမျိုးသားနေ့

သွေးအသက်နဲ့ပေးဆပ်ခဲ့ရတဲ့ ငါ့နာမည်
ခေါ်ချင်ရာမခေါ်ကြပါနဲ့
နည်းနည်းလေးတော့ အားနာပေးကြပါ
ကလေးကခြေ ဝေလေလေမဟုတ်ဘူး
ငါ့နာမည်မှာ သမိုင်းကြောင်းရှိတယ်။

ရေဆန်ခရီးကြမ်းမှာ
မွေးဖွါးရှင်သန် ရရှိလာတဲ့ငါ့နာမည်
ခေါ်ချင်ရာခေါ်လို့တော့ မဖြစ်ဘူး
မွေးရက်သက္ကရာဇ် အမှန်အကန်နဲ့
နာမည်အရင်း ရှိနေတာကို
ကြုံကြုံဖန်ဖန်ပြောင်းလဲ မခေါ်ကြပါနဲ့
အတိမ်းအစောင်းတောင် မခံနိုင်ဘူးဟော့ ---

ငါ့ကိုမွေးဖွားပေးခဲ့ကြဟော့
မိဘတွေရဲ့မျက်နှာကိုမှ မထောက်
ခေါ်ချင်ရာမခေါ်ကြပါနဲ့
သမိုင်းကြောင်းအမှန်နဲ့ ငါ့နာမည်ကို
နောင်လာနောက်သား နှောင်းလူများတို့
အငြင်းမပွားလေနဲ့ ငြိမ်းချမ်းစွာနဲ့
ငါ့မွေးနေ့ရက်မြတ်ကို
အမှန်အကန်တူတူတန်တန်လေး လုပ်ပေးကြပါ။

မမှန်မကန် အကြံအဖန်တွေမလုပ်မိစေနဲ့
ငါ့ရဲ့မွေးနေ့က ၁၉၄၈–ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်
ငါ့နာမည်က (ချင်းအမျိုးသားနေ့)ဖြစ်တယ်။

ဆလိုင်းရှယ်အောင်
၂၇–၁–၂၀၁၂